# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၇၆)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ၉-၉-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက်အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်အရ နိုင်ငံတော်၏ စေတနာအမှန်ကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သော PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အဖွဲ့ဝင်များအား မိဘများထံအပ်နှံပြီးဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည့် မဲစာရင်းမှားယွင်းမှုများအတွက် အောက်ပါတို့ကိုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံတောင်းဆိုမှုများအပေါ် ငြင်းပယ်ခဲ့ပြီး ပြဿနာဖြစ်ပွားနေသည့် ရွေးကောက်ပွဲရလဒ်ဖြင့်ပင် လွှတ်တော်ခေါ်ယူရန် အတင်းအဓမ္မကြိုးပမ်းခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းမှုပင်ဖြစ်သည်-

(က) မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို စိစစ်တွေ့ရှိရသဖြင့် ဖြေရှင်းပေးရန်တောင်းဆိုမှုကို ငြင်းဆန်ခဲ့ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးအားခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့က နည်းလမ်းရှာဆောင်ရွက်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်း၊

(ဃ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင်တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးမှုမရှိခြင်း။

စာမျက်နှာ ၃ သို့ ☆

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe တို့ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


စာတတ်သူတိုင်း စာဖတ်ပါ (ဆောင်းပါး) — စာမျက်နှာ ၆

အမ်အာအင်န်အေကာကွယ်ဆေး စမ်းသပ်မှုတစ်ရပ်၏ ရလဒ်အရ ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးခြင်းဖြင့် ကင်ဆာပျောက်ကင်းစေမည် — စာမျက်နှာ ၇

အိုနာနာအား ခေါ်ယူရန် ထရက်ဝှန်စပေါ်အသင်း သဘောတူညီမှုရရှိ — စာမျက်နှာ ၁၁


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဗလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ အင်္ဂါနေ့။

မန္တလေး

## ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း အမြန်ဆုံး လည်ပတ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနပိုင် ဗားရမ်းဟိုတယ်များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း၌ အထင်ကရခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများစွာရှိသည့်အတွက် ပွင့်လင်းရာသီကာလ ခရီးသွားရာသီအမီ ဟိုတယ်လုပ်ငန်းများ ယခုထက်ပိုမိုလည်ပတ်နိုင်ရန် တာဝန်ရှိသူများက ကြိုးစားကြရေး၊ မန္တလေးမြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြရန် ဝိုင်းဝန်းပူးပေါင်း စီစဉ်ဆောင်ရွက်ကြရေး၊ ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံ၊ အခန်းများ၊ ခန်းမများကို ပြင်ဆင်ရာတွင် သတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ပြင်ဆင်ကြရေး၊ ဟိုတယ်သို့လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များ ပြင်ဆင်ထားရှိရေး၊ ဟိုတယ်များ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုရှိသော မြေယာရှုခင်းသာယာလှပရေးအတွက်ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်အကောင်အထည်ဖော်နိုင်ရေး၊ မန္တလေးမြို့ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ရေး၊ ငလျင်ကာလအလွန် ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်လုပ်ကိုင်နိုင်ကြရေး၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်းရှိ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်နိုင်ရေးတို့ကို တိုက်တွန်းမှာကြားသည်။

တက်ရောက်လာကြသူများက အသင်းအဖွဲ့များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ငလျင်ကာလအလွန် ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်ဆောင်ရွက်နိုင်ရေး ဧည့်သည်လက်ခံလျက်ရှိသော အဆောက်အအုံနှင့် အခန်းများတွင် ဟိုတယ်အဆင့်အတန်းနှင့်အညီ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အစဉ်တစိုက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်သည်။ ဟိုတယ်များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များကို လာရောက်တည်းခိုသည့် ဧည့်သည်များသိရှိအောင် စီစဉ်ထားရှိရန်၊ ဝန်ကြီးဌာနနှင့် နိုင်ငံတကာမှ သတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၃၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး စက်တင်ဘာ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေ)တိုင်း လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်များအား စက်တင်ဘာ ၇ ရက်နံနက် ၅ နာရီခွဲက ဘုံဆွမ်းလောင်းလှူကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက ဆွမ်းအလှူရှင် နန်းဦးတိုက်၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမ၏ လှူဒါန်းမှုဖြင့် လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်များအား (၁၃၁)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားကုန်းဘောင်ကြီးကြော်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ သံဃာတော် အပါး ၂၀၀ကျော်တို့အား လောင်းလှူကြပြီး သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများအား စာရေးတံမဲဖောက်၍ လောင်းလှူခဲ့ကြသည်။

မဟာမြိုင်ဝန်ထမ်းအိမ်ရာမိသားစုများက အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်များအား ကြွရောက်အလှူခံကြပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## မန္တလေးခရိုင် လူထုအခြေပြုပဟိုဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတရရှိစေရန်၊ အချိန်ကို အကျိုးရှိစွာ သုံးချတတ်စေရန်၊ စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် ဗဟုသုတများစွာရရှိစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို မှာကြားရှင်းလင်းပြောကြားခဲ့ရာ အ.ထ.က(၂၅)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၄ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ပြီး ကလေးအလုပ်သမား အသိပညာပေး လက်ကမ်းစာစောင်များကို လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**ဇင်မင်းမောင်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၈၆လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက် တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၉ ရက်တွင်ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း ၆၀၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၄လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂ လမ်းနှင့် ၄၃လမ်းထောင့်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့၊ ဘောလုံးကွင်းအတွင်းတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ထီးတန်းရပ်၊ ထီးတန်းပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ဓာတ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ထိုသို့လုပ်ဆောင်မှုများသည် မဲမသမာမှုများရှိခဲ့၍သာ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းမရှိသည်ကို ပေါ်လွင်စေခဲ့သည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းမှုတွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်အရမဟုတ်သည့် ပုဂ္ဂလိကပြစ်မှုကျူးလွန်မှုများရှိခဲ့၍ အရေးယူခံရသည့် အချိန်လည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် မဲမသမာမှုများကို စိစစ်ဖော်ထုတ်၍ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို ပြည်တွင်း ပြည်ပက အထင်အမြင်လွဲမှားအောင် တပ်မတော်က ဒီမိုကရေစီကို နောက်ပြန်ဆွဲသယောင် ဝါဒမှိုင်းတိုက်ကာ ၎င်းတို့သာ ရွေးကောက်ခံအစိုးရအဖြစ်ပုံဖော်လျက် CRPH, NUG တို့ကို တရားမဝင်ဖွဲ့စည်းခဲ့ကြပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်များကို လွဲမှားသည့် မျှော်လင့်ချက်များပေးကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ခဲ့သည်။ CRPH, NUG တို့သည် PDF အမည်ခံအဖွဲ့များကို ဖွဲ့စည်းကာ လက်နက်၊ ခဲယမ်းရရှိရေးအတွက် အချို့သော EAO များ လက်အောက်သို့ သွတ်သွင်းခဲ့ပြီး အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ နယ်မြေကျူးကျော် ချဲ့ထွင်ခြင်းများအတွက် PDF များကို လက်ကိုင်တုတ်အဖြစ် အသုံးပြုစေကာ PDF တို့၏ ဘဝများကို စတေးခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် အချို့သော အကြမ်းဖက် EAO တို့သည် ရပ်တည်ရန် ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခရောက်လာကြရသည်။ **ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ကြရန် အချိန်တန်ပြီဖြစ်သည်။**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအပြင် PDF များသည်ပင် လိုလားကြပြီး ရည်မှန်းချက်ချင်း တူညီကြသည်။ **ဒီမိုကရေစီမျက်နှာဖုံးတပ်ပြီး နိုင်ငံတော်အာဏာကိုမက်မောကြသည့် CRPH, NUG တို့၏ လိုလားချက်မှာ ၎င်းတို့သာရွေးကောက်ခံအစိုးရဆိုသည့် ရပ်တည်မှုမပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ ၎င်းတို့၏ နှောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီခရီးလမ်း နှောင့်နှေးကြန့်ကြာနေရခြင်းဖြစ်သည်။**

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မကြာမီတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံးမျှော်မှန်းထားသည့် **စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးကို မျှော်မှန်းကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန်ဆန္ဒရှိပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပြီး တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်အပ်ပါသည်။**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံသစ်၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများအတွက် မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက်လည်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုသင်တန်းတွင် ရွေးကောက်ပွဲ၌အသုံးပြုမည့် မဲပေးစက်များတွင် Battery တပ်ဆင်ခြင်း၊ ကိုယ်စားလှယ်လောင်း၊ ပါတီအမည်၊ ပါတီအမှတ်တံဆိပ်ပါ စာရွက်များ ကပ်နှိပ်ခြင်းနှင့် မဲရုံများသို့ စက်များ ပို့ဆောင်ခြင်း စသည့်လုပ်ငန်းများကို အဆင့်လိုက် စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်ပြီးသူများအနေဖြင့် မြို့နယ်အလိုက် မဲပေးစက်ကို ကြိုတင်ဆောင်ရွက်ရမည့် အဖွဲ့များအား ဆင့်ပွားသင်တန်းများ ပြန်လည် ပို့ချပေးရမည်ဖြစ်သည့်အတွက် အလေးထားမှတ်သားလေ့ကျင့်ကြရန် လိုကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့များအနေဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ နည်းပြဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူတိုင်းအတွက်ပညာရေး" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ နာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့သည် ကုလသမဂ္ဂ လက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးကကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ တက်ရောက်ခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်မှတစ်ဆင့် သဘောတူဆုံးဖြတ်ချက်ဖြစ်သည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ပါကြောင်း။

ယခုနှစ် UNESCO အဖွဲ့က ထုတ်ပြန်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ concept note တွင် ဒစ်ဂျစ်တယ်စနစ်၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို အကျယ်တဝင့် ဖော်ပြထားပြီး ယခုနှစ်အတွက်ထုတ်ပြန်ထားသည့် "Promoting literacy in the digital era" "ဒစ်ဂျစ်တယ်ခေတ်ကို **လိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"** ဟူသော ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြစ်သည့် စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များကို နှစ်အလိုက် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမှသာ နိုင်ငံအတွင်းရှိ စာမတတ်သူဦးရေကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားသည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အတွက် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေလျှော့ချနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်လွန် ကျောင်းပြင်ပသို့ရောက်ရှိနေသည့်ကလေးဦးရေကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရပ်ရွာ ဒေသများ ဖွံ့ဖြိုးလာပြီး ထိုမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ယခုထက်ပိုမို လုပ်ဆောင် လာနိုင်မည်ဖြစ်သလို ဖွံ့ဖြိုးမှုအညွှန်းကိန်းများ တိုးတက်လာမည်ဖြစ်သဖြင့် ယခုထက်ပိုမို ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများ Video Clip ကို ပြသပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး စစ်ကိုင်းခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

စစ်ကိုင်း စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းသည် စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းခရိုင်စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် စစ်ကိုင်းခရိုင် စာရင်းစစ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုမိုးနှင့် မြို့နယ်စာရင်းစစ်မှူးတို့က မိမိတို့ရုံးများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၈

၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B) ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီတွင် မြန်မာ့လက်ရွေးစင် ယူ- ၂၃ အမျိုးသား ဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## နိုင်ငံသားစိစစ်ရေးကတ်များကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေး

**လဲချား စက်တင်ဘာ ၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များကို ပန်းခင်းစီမံချက်ဖြင့် ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တပ်မောက်ကျေးရွာအုပ်စုနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မကျန်ရှိစေရေးနှင့် အိမ်ထောင်စုမရှိသူများ မကျန်ရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများနှင့်အတူ ပူးပေါင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## လမ်းမကြီးများ ဝဲ၊ ယာ၌ ရောင်းချနေသည့် အိမ်ဆိုင်နှင့် လမ်းဘေးဈေးဆိုင်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချရေး စစ်ဆေးပညာပေး

ကျောက်ပန်းတောင်း စက်တင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် လမ်းမကြီးများ ဝဲ၊ ယာရှိ အိမ်ဆိုင်များနှင့် လမ်းဘေးဈေးအရောင်းဆိုင်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပညာပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့များက လှည့်လည်စစ်ဆေးခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်အား သန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်သည့် မြို့ဖြစ်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ လမ်းမကြီးများ ဝဲ၊ ယာရှိ အိမ်ဆိုင်များနှင့် လမ်းဘေးဈေးအရောင်းဆိုင်ရှင်ပိုင်ရှင်များအား ခေါ်ယူ၍ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ရောင်းချရေး ဆွေးနွေးပညာပေးခဲ့ပြီးဖြစ်ရာ ယခုအခါ အဆိုပါ လမ်းဘေး ဝဲ၊ ယာရှိ ဈေးအရောင်းဆိုင်များကို သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာများဖြင့် အဖွဲ့ခွဲကာ လမ်းအလိုက် လှည့်လည်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး လိုအပ်သည်များကို ဆွေးနွေးအသိပေးခဲ့ကြောင်း သိရသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "Htein Lin Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာနေ ထိန်လင်းအောင်အား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၄၅၆)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်






**မန္တလေး စက်တင်ဘာ ၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ပညာသည်သာ ရတနာသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၁ ရာစုကာလသည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတို့နှင့် လူ့ဘောင်သစ်ကို တည်ထောင်နေကြသည့်ကာလတွင် လူတိုင်းစာတတ်မြောက်ရေးသည် အားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်း၏အရေးမဟုတ်ဘဲ လူတိုင်း၏အရေးဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် အလေးထားကာ စဉ်ဆက်မပြတ် အားပေးဖြည့်ဆည်းပေးနေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းပညာပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေး၊ အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးတို့အတွက် အလေးထားဆောင်ရွက်နေပါကြောင်း၊ KG+9 ပြီးမြောက်သူများအနေဖြင့် ဝါသနာပါရာအလိုက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်အတွဲများကို ရွေးချယ်၍ တက်ရောက်ပညာသင်ယူနိုင်ရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ စာမတတ်သူပပျောက်ရေးနှင့် စာမတတ်သူနှုန်းမတိုးလာစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု Video Clip အား ပြသပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးသည်။

၎င်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ကြီးတံခွန်မြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးမှ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်အတွင်း MSME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လိုက်လံကြည့်ရှု





**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ကျောက်ဆည်ခရိုင်အတွင်း MSME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၊ ဆည်တော်နံ့ရွှေမုဋ္ဌောဘုရားစေတီတော်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက စေတီတော်ပရဝဏ်ရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီးမှာ မူလအနေအထားမှ တိမ်းစောင်းသွားခဲ့ပြီး ဘေးပတ်ဝန်းကျင် အန္တရာယ် မဖြစ်ပေါ်စေရေး၊ အင်ဂျင်နီယာပညာရှင်၊ ဘူမိဗေဒပညာရှင်များ ပါဝင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်း၍ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အချိန်ကာလတစ်ခုအတွင်း ကဏ္ဍများအလိုက် လုပ်ငန်းများကို အမြန်ဆုံးပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းကြန့်ကြာမှုမရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ကျေးရွာအုပ်စု၊ ရှမ်းကန်(မ)ကျေးရွာရှိ M-Steel(သံရည်ကျို) စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထုတ်ကုန်များ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ ဈေးကွက်လိုအပ်ချက်ပြည့်မီရေး အလေးထားကာ ဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီးနောက် သက်ဆိုင်ရာဝန်ကြီးများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ သင်တောင်းကြီးရွာရှိ အနော်ရထာမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေသိမ်တော်စေတီတော်သို့ သွားရောက်ပြီး စေတီတော်တွင် ကိန်းဝပ်အပူဇော်ခံထားသည့် အမိဋ္ဌာန်အောင်ဆုတောင်းပြည့် မဟာရွှေသိမ်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းခဲ့ပြီး စေတီပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုကာ ပင်မကျောင်းဆောင်တော်ကြီး မိုးလုံ၊ နေလုံရင်ပြင်တော် တိုးချဲ့တည်ဆောက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာရှိ ထိုက်ထိုက်(အထည်ချုပ်)စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်- တောင်ငူ-မန္တလေးလမ်းမိုင်(၃၈၈/၇)နှင့် ပလိပ်မြို့ရှောင်လမ်းမိုင်(၃/၂)ဆုံရာ ပလိပ်လမ်းဆုံသို့ သွားရောက်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်များအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းညွှန်၊ လမ်းအမှတ်အသားများ ဆောင်ရွက်ထားရှိမှု၊ Flower Box များ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# စာတတ်သူတိုင်း စာဖတ်ပါ

မိုးထက်ကို(အမရပူရ)

**စာမတတ်၊ ပေမတတ် အသိငတ်နေပါက တစ်ပင်တည်း မတ်တတ်ခြောက်သွေ့နေသော သစ်ခြောက်ပင်နှင့်တူပါသည်။ အသက်ရှင်လျက်နှင့် ဘဝသေနေသကဲ့သို့ပင် စာတတ်ပေတတ်ပြီး စာမဖတ်ဘဲနေပါကလည်း ပင်စည်ရှိပြီး အခက်အလက်အရွက်တွေ ခြောက်သွေ့နေသည့် သစ်ပင်နှင့်တူပါသည်။**

စာဖတ်ခြင်းသည် ယဉ်ကျေးမှုတံခါးကို ဖွင့်လှစ်သကဲ့သို့ အသိဉာဏ်ပညာပြတင်းပေါက်များကိုလည်း တစ်ချပ်ပြီးတစ်ချပ် ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်မှုသည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာမူတည်ပါသည်။ စာမတတ်သူနှင့် ပညာနိမ့်ပါးသူတို့များပြားခြင်းသည် နိုင်ငံတော်တိုးတက်မှုအတွက် နှောင့်နှေးစေပါသည်။ ပညာပြည့်ဝနလုံးလှသူများဖြင့်သာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ တန်ဖိုးမြင့်မားလှစွမ်းအား အရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် စာတတ်သူတိုင်း စာဖတ်ဖို့ လိုအပ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၏။ အတန်းပညာတတ်မြောက်မှုသာလျှင် အတတ်ပညာသင်ယူတတ်မြောက်ပါသည်။ နည်းပညာခေတ်လည်း ဖြစ်ပါသည်။ နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများမှ လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်နိုင်ပါသည်။ သို့သော် ဟိုး. . . ရှေးရှေးကာလကတည်းက စာအုပ်ကို ဖတ်ရှုခြင်းဖြင့် စာအုပ်၊ စာပေများမှ မိမိဘဝတိုးတက်အောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများစွာကို လေ့လာမှတ်သားလုပ်ဆောင်နိုင်ခဲ့ကြပါသည်။

စိတ်ဓာတ်ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသော လူမျိုးတစ်မျိုးဖြစ်လာစေရန်အတွက် သုတစာပေ၊ ရသစာပေများကသာ စွမ်းဆောင်နိုင်ပါသည်။ ဘာသာရေးအဆုံးအမ၊ စာပေကျမ်းဂန်များ၊ အသိပညာပေးသော စာများသည် လူတော်၊ လူကောင်းတစ်ယောက်ဖြစ်လာအောင် လုပ်ပေးနိုင်ပါသည်။

ထို့ကြောင့် စာများများဖတ်လေလေ အသိဉာဏ်တိုးပွားလေလေ၊ အသိဉာဏ်တိုးပွားလေလေ အတွေးအခေါ်ရင့်ကျက်လေလေ၊ အမြော်အမြင် အမြင်ကျယ်လေလေ၊ အမှားအမှန်ခွဲခြားတတ်လေလေ၊ စွမ်းရည်မြင့်မားလေလေ ဖြစ်ပါသည်။

စာမဖတ်သောသူသည် ညအမှောင်လမ်းမှာ စမ်းတဝါးဝါး လမ်းလျှောက်နေသူနှင့် တူပါသည်။ စာဖတ်သောသူသည် နေ့ခင်းအလင်းရောင်နှင့်အတူ ကိုယ်ရည်ရွယ်ရာ ပန်းတိုင်ကို လှမ်းကိုင်နိုင်အောင် တောင်ထိပ်မှာ ရောက်နေသူနှင့်တူပါသည်။

ဦးနှောက်ဟူသည် အမှိုက်ပုံးမဟုတ်ပါ။ ထို့ကြောင့် တန်ဖိုးမရှိတာတွေကို ထည့်ထားဖို့ မလိုပါ။ စာဖတ်လျှင် အချိန်ပေးရပါသည်။ သို့သော် ပြန်ရမည့်အကျိုးကျေးဇူးကား များလှပါသည်။ စာဖတ်ခြင်းက ရင့်ကျက်စေပါသည်။ တည်ငြိမ်စေပါသည်။ ပြည့်ဝစေပါသည်။ အမှားအမှန် သိစေပါသည်။ ယဉ်ကျေးသိမ်မွေ့စေပါသည်။ လောကဓံကို ခံနိုင်ရည်ရှိစေပါသည်။ သူများနှင့်မတူအောင် ပြောင်းလဲစေပါသည်။ အောင်မြင်သူတွေ စာဖတ်ကြ၍ စာဖတ်သူတွေ အောင်မြင်ကြပါသည်။ စာများများဖတ်ပါ။ စာဖတ်ခြင်းသည် အသိပညာ ရရှိစေခြင်းသာမက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် ဖန်တီးယူခြင်းတို့ပင် ဖြစ်ပါသည်။

ဖတ်သင့်သော စာပေအမျိုးအစားများစွာ ရှိပါသည်။ အောင်မြင်သူတွေရဲ့ အတ္ထုပ္ပတ္တိတွေကို ဖတ်သင့်ပါသည်။ ထိုသို့ဖတ်ခြင်းကြောင့် အောင်မြင်သူတွေရဲ့ အမူအကျင့်တွေ၊ စိတ်ဓာတ်တွေကို သိမြင်လာပါလိမ့်မည်။ ပညာရပ်ဆိုင်ရာ နည်းပညာစာပေများကို ဖတ်သင့်ပါသည်။ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားကာ တိုးတက်အောင်မြင်စေပါသည်။ စိတ်ဓာတ်တက်ကြွစေပါသည်။ စာပေ (တက်ကျမ်း)များကိုလည်း ဖတ်သင့်ပါသည်။ သင်၏ စိတ်ကို ခွန်အားဖြစ်စေပါသည်။ သင့်ဘဝကို မြှင့်တင်ပေးပါသည်။ ဘာသာရေးစာပေများကိုလည်း ဖတ်သင့်ပါသည်။ စိတ်ကိုငြိမ်အေးချမ်းသာစေပါသည်။ လိုချင်တပ်မက်မှုတွေ နည်းပါးစေပါသည်။ ဒေါမနဿတွေ ထိန်းချုပ်နိုင်ပါသည်။

စာဖတ်သူနှင့် စာမဖတ်သူ ကွာခြားပါသည်။ နေ့စဉ်စာဖတ်ပါ။ စာပေဗဟုသုတရှိသူသည် စာပေဗဟုသုတမရှိသူထက် ခေါင်းတစ်လုံး ပိုပြီးမြင့်ပါသည်။ ခြေတစ်လှမ်း ပိုပြီးစွာပါသည်။ စာဖတ်ခြင်းသည် ဗဟုသုတတိုးပွားရုံမျှမက သင်မသိသေးသော အခြားကောင်းမွန်သောရလဒ်များ အများကြီးရရှိနိုင်ပါသည်။ ဦးနှောက်ကို ကြည်လင်လန်းဆန်းအောင် ပိုမိုလှုံ့ဆော်ပေးနိုင်ပါသည်။ အာရုံစူးစိုက်မှုအားကောင်းကာ စိတ်ခွန်အားတွေကို တိုးပွားစေပါသည်။ စိတ်ဖိစီးမှုကို လျော့ကျနည်းပါးစေပါသည်။

ယနေ့ခေတ်မှာ ရုပ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုများ အရာရာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေပါသည်။ စိတ်ပိုင်းဆိုင်ရာမှာ နိမ့်ကျနေသော စိတ်ဓာတ်၊ ယုတ်ညံ့နေသော စာရိတ္တ၊ ပျက်ပြယ်နေသော ယဉ်ကျေးမှုများ နေ့စဉ်နှင့်အမျှ ကြားနေရပါသည်။ မြင်နေရပါသည်။ အဓိကအရင်းအမြစ်ကို တွက်စစ်ကြည့်လိုက်လျှင် စာမဖတ်ခြင်းကြောင့် ဖြစ်ပါသည်။

စာမတတ်၊ ပေမတတ် အသိငတ်နေပါက တစ်ပင်တည်း မတ်တတ်ခြောက်သွေ့နေသော သစ်ခြောက်ပင်နှင့်တူပါသည်။ အသက်ရှင်လျက်နှင့် ဘဝသေနေသကဲ့သို့ပင် စာတတ်ပေတတ်ပြီး စာမဖတ်ဘဲနေပါကလည်း ပင်စည်ရှိပြီး အခက်အလက်အရွက်တွေ ခြောက်သွေ့နေသည့် သစ်ပင်နှင့်တူပါသည်။

လူတစ်ယောက်သည် စာတတ်ပြီး စာမဖတ်လျှင် အသိအလိမ္မာနည်းပါးခြင်းသည် သူ့အတွက်သာမက သူ့မိသားစု၊ သူ့ရပ်ရွာ၊ သူ့နိုင်ငံအတွက် ဆိုးကျိုးများဖြစ်ကာ အကျိုးယုတ်စေနိုင်ပါသည်။

သုတစာပေသည် ဦးနှောက်အတွက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေအောင် သတင်းအချက်အလက်များ ပေးပါသည်။ တိကျသေချာနည်းနာစနစ်ဖြစ်ရပ်မှန် ပညာများကို ပေးပါသည်။

ရသစာပေသည် နှလုံးသားကို နူးညံ့သိမ်မွေ့အောင် ခံစားမှုကို ပေးပါသည်။ စိတ်ခွန်အား ပြည့်ဝကာ စိတ်ကို ရင့်ကျက်စေပါသည်။

ဘဝတစ်ခု ရှင်သန်မှုမှာ ကိုယ်ကျန်းမာရေးအတွက် 'အစာ' အာဟာရလိုအပ်သကဲ့သို့ စိတ်ကျန်းမာရေးအတွက် 'စာ' အာဟာရလိုအပ်ပါသည်။ 'စာအုပ်စာပေ လူ့မိတ်ဆွေ'၊ 'အလိမ္မာစာမှာရှိ' ဟူသော စကားများလည်း ရှိပါသည်။ အသိပညာနှင့် ဗဟုသုတတို့ကို ထိုစာအုပ်၊ စာပေများမှသာ တူးဆွရှာဖွေနိုင်ပါသည်။ စာကောင်းပေမွန်များကို စဉ်ဆက်မပြတ် ဖတ်ရှုခြင်းဖြင့် ဗဟုသုတများ ပြည့်ဝလာပြီး အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုး၊ အမှားနဲ့အမှန်ဝေဖန်ပိုင်းခြားနိုင်သည်။ ဉာဏ်ရည် ဉာဏ်သွေးများ တိုးတက်လာမည်ဖြစ်ပါသည်။

အကျိုးပြုစာပေများကို အချိန်ယူပြီး တဖြည်းဖြည်းချင်း ဖတ်ရှုခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ လူတစ်ဦးချင်းစီ စာဖတ်နှုန်းများ တိုးတက်မြင့်မားလာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေပါသည်။ စာဖတ်နာသူများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော လူမှုဝန်းကျင်၊ လူ့အသိုင်းအဝိုင်းသည် တိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍ မရသော ပကတိအရှိတရားပင်ဖြစ်သည်။

ဘယ်လိုအခြေအနေဖြစ်ဖြစ် စာဖတ်ပါ။ အခိုက်အတန့်တိုင်းကို အကောင်းဆုံး အသုံးချပြီး အကောင်းဆုံးတွေကို အမြဲရှာဖွေပါ။ ဝမ်းနည်းစရာတွေ၊ နာကျင်စရာတွေကို မေ့နိုင်အောင် ကြိုးစားပြီး ပျော်စရာတွေကို အမြဲရှာဖွေပါ။ မလိုလားအပ်သော ရုပ်ဝန်းတွေကို ရှောင်ပါ။ ကိုယ့်အတွက် နွေးထွေးမှုမရှိသော ဆက်ဆံရေးတွေကို ရှောင်ကြဉ်ပါ။ ဥပေက္ခာပြုနိုင်အောင် ကြိုးစားပါ။ အချိန်ရလျှင် ရသလို စာဖတ်ပါ။ တစ်ယောက်တည်းနေပြီး စာဖတ်ရသည့်အရသာ ဘာနဲ့မှ မလဲနိုင်ပါ။ အတွေးလည်း ဆန့်ထွက်သည်။ စိတ်လည်း အေးချမ်းသည်။ ဉာဏ်လည်း ထက်မြက်သည်။ အလုပ်လည်း တွင်ကျယ်သည်။ အထွတ်အထိပ်ရောက်လာသောသူမှန်သမျှ တစ်ယောက်တည်းနေခြင်း စာဖတ်ခြင်းမှ မြစ်ဖျားခံပါသည်။

တကယ်တော့ စာသင်ခြင်းဆိုသည်မှာ စိတ်ဖတ်တတ်ဖို့ဖြစ်သည်။ စာသာတတ်ပြီး စာမဖတ်လျှင် စိတ်မဖတ်တတ်တော့ပါ။ စိတ်မတတ်လျှင် ပေါ့တော့တော့ ပညာတတ်တွေ ဖြစ်သွားတတ်ပါသည်။ စိတ်ဖတ်သည်ဆိုခြင်းမှာ စိတ်ထားမြင့်မြတ်ခြင်း၊ စိတ်ဓာတ်မွန်မြတ်ခြင်းပင်ဖြစ်ပါသည်။ တစ်ယောက်တည်းနေကာ တွေးတောကြံဆခြင်းက သင့်ကို ပြီးပြည့်စုံသော လူတော်တစ်ယောက်ဖြစ်စေပါသည်။ 'လိုလျှင်ကြံဆ နည်းလမ်းရ' ဆိုသကဲ့သို့ တွေးတတ်ဖို့ စာများများဖတ်မှ တွေးတတ်ပါသည်။ အတွေးမှ အတွေးအကြံ၊ အတွေးအကြံမှ အတွေ့အကြုံ၊ အတွေ့အကြုံမှ ဘဝကို တိုးတက်အောင်မြင်ကြီးပွားနိုင်ပါသည်။

စက်တင်ဘာ ၈ ရက်နေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်ပါသည်။ နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတိုးတက်ရေးအတွက် လူတိုင်း စာတတ်မြောက်ရန် အစွမ်းကုန် အားသွန်ခွန်စိုက်ကြိုးစားလျက်ရှိပါသည်။ ကမ္ဘာကြီးကို နည်းပညာများက လွှမ်းမိုးထားသကဲ့သို့ နိုင်ငံတကာ လူ့အဖွဲ့အစည်းများကို နည်းပညာများက စိန်ခေါ်နေပါသည်။ ထိုသို့ စိန်ခေါ်မှုကို ရပ်တန့်နိုင်ရန် လူတိုင်းစာတတ်မြောက်ဖို့ အကောင်းဆုံးတီထွင်ကြံဆပြီး ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။ စာတတ်မြောက်ခြင်းဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

နိုင်ငံတကာတွင် လူတစ်ဦးချင်းစီ၊ လူတစ်ယောက်ချင်းစီအလိုက် ရပ်ရွာ၊ မြို့နယ်အဖွဲ့အစည်းအလိုက်၊ နိုင်ငံအလိုက် ကလေးလူငယ်များ၊ လူရွယ်လူလတ်များ၊ သက်ကြီးရွယ်အိုများအား အရေး၊ အဖတ်အတွက် တတ်ကျွမ်းအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ၄င်းတို့၏ ဘဝပြောင်းလဲစေပါသည်။ ယနေ့အချိန်မှာ တိုးတက်ပြောင်းလဲနေပါပြီ။

လွန်ခဲ့သော ဆယ်စုနှစ် ငါးနှစ်ကျော်ခေတ်ကာလက မြန်မာနိုင်ငံမှာ နိုင်ငံတော်က စာမတတ်သူ ပပျောက်ရေးစီမံကိန်းလှုပ်ရှားမှုများကို မြန်မာနိုင်ငံ တနံတလျား မြို့ပြကျေးလက်တောရွာမကျန် ဖွင့်လှစ်ကာ ပညာသင်ကြားပေးခဲ့ကြပါသည်။ အောင်မြင်ခဲ့ပါသည်။


ယနေ့ခေတ်ကာလမှာ စာမတတ်သူ ပပျောက်ရေး၏ အကျိုးဆက် စာတတ်ပေတတ်၊ ပညာတတ်များ ထွန်းကားပေါများလာပါသည်။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးကြောင့် အသိပညာ၊ အတတ်ပညာများနှင့် မိမိအတွက်၊ မိမိရပ်ရွာအတွက်၊ မိမိမြို့နယ်အတွက်၊ မိမိနိုင်ငံတော်အတွက် အကျိုးရှိစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပါပြီ။

စိန်ခေါ်မှုတွေ အားပြိုင်နေသော ခေတ်ကာလမှာ အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး နိုင်ငံတကာစာပေ၊ မြန်မာ့စာပေ၊ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းများကို ထဲထဲဝင်ဝင် ဖတ်ရှုလေ့လာနိုင်ရန် လူတိုင်း စာတတ်စေချင်ပါသည်။ လူတိုင်းစာတတ်လျှင် လူတိုင်း စာဖတ်စေချင်ပါသည်။ စာဖတ်လျှင် ကမ္ဘာပတ်စရာမလိုပါ။

**စက်တင်ဘာ ၈ ရက်နေ့တွင် ကျရောက်ခဲ့သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားပါသည်။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Ram Charam အသက်(၄၆)နှစ် ပြည့်ပြီဖြစ်




ဘောလိဝုဒ်အနုပညာလောကတွင် အကျော်ကြားဆုံး ဇာတ်ဝင်တေးကို ပိုင်ဆိုင်ထားသည့် RRR ဇာတ်ကားမှ ရမ်ချာရမ်သည် အသက်(၄၆)နှစ်ပြည့်ပြီဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘောလိဝုဒ်တွင် ဇာတ်ကားနှင့်အတူ ဇာတ်ဝင်တေးများ ကျော်ကြားခဲ့ရာမှ RRR တွင် ဇာတ်ကားထက် ဇာတ်ဝင်တေးကပို၍ထူးခြားစွာ ကျော်ကြားခဲ့ပြီး တေးဆိုကေကေ၏ သီချင်းနှင့် လိုက်ဖက်ညီမှု ရှိခဲ့သည်။

ရမ်ချာရမ်၏ဇာတ်ဝင်တေးအဆိုတော် ကေကေမှာ ကွယ်လွန်သွားပြီဖြစ်ပြီး ရမ်ချာရမ်၏ အောင်မြင်မှုကို မခံစားလိုက်ရချေ။ အသက်(၄၆)နှစ်ပြည့်ပြီဖြစ်သော ရမ်ချာရမ်မှာ အနုပညာလောကတွင် ကျော်ကြားနေဆဲဖြစ်သည်။ (SKY)




## အမ်အာအင်န်အေကာကွယ်ဆေး စမ်းသပ်မှုတစ်ရပ်၏ရလဒ်အရ ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးခြင်းဖြင့် ကင်ဆာပျောက်ကင်းစေမည်

သီးခြားအကျိတ်ပရိုတင်းကို ပစ်မှတ်ထားခြင်းထက် ကိုယ်ခံအားစနစ်ကို ရိုးရိုးရှင်းရှင်း လှုံ့ဆော်ပေးခြင်းဖြင့် ကင်ဆာများကို တိုက်ခိုက်နိုင်စေကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ကိုယ်ခံအားစနစ်ကုထုံး ဆေးဝါးများနှင့် တွဲဖက်လိုက်သောအခါ ဆေးယဉ်ပါးနေသည့်အကျိတ်များ ကျုံ့သွားခဲ့ပြီး အချို့ကိစ္စများတွင် ကာကွယ်ဆေးတစ်ခုတည်းဖြင့်ပင် အကျိတ်များကို ဖယ်ရှားနိုင်ခဲ့သည်။

အမ်အာအင်န်အေကာကွယ်ဆေး စမ်းသပ်မှုတစ်ရပ်ကို ခွေးခြံ ခန်းကြွက်များဖြင့်လေ့လာပြီး ကိုယ်ခံအားစနစ်ကုထုံး၏ အကျိတ်တိုက်ဖျက်နိုင်သည့် အာနိသင်များကို မြှင့်တင်ပေးခဲ့ရာ သုတေသီများသည် ကင်ဆာရောဂါကို တွန်းလှန်ရန် ကိုယ်ခံအားစနစ်ကို "နှိုးဆွပေးသည့်" အထွေထွေသုံး ကင်ဆာကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်ရန် ၎င်းတို့၏ပန်းတိုင်ဆီသို့ ခြေတစ်လှမ်းပိုမို နီးကပ်လာနေပြီဖြစ်ကြောင်း သိရသည်။ (SCI)

## Zhao Liying အချစ်သစ်နှင့် တွေ့ဆုံနေပြီဖြစ်


တရုတ်နာမည်ကြီးမင်းသမီး ကျန်းလီယင်းသည် အိမ်ထောင်ပြိုကွဲခဲ့ပြီးနောက် အချစ်သစ်နှင့် တွေ့ဆုံနေပြီဖြစ်ကြောင်း သတင်းသမားများ၏အဆိုအရ သိရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းလီယင်းသည် ဝိန်ဘိုအင်တာတိန်းမင့်တွင် ကျော်ကြားသော မင်းသမီးဖြစ်ပြီး ချောမောလှပသော်လည်း အိမ်ထောင်ရေးကံမကောင်းခဲ့၍ ခင်ပွန်းအနုပညာရှင်နှင့် သားလေးတစ်ဦးရမှ လမ်းခွဲခဲ့ကာ တစ်ကိုယ်တည်းနေထိုင်ခဲ့သည်။

သတင်းသမားများ၏ အဆိုအရ ဒါရိုက်တာကျန့်ဒါရင်း မြန်မာပြည်ဖွား ထိုင်ဝမ်သားခံယူထားပြီး နာမည်ကြီးဒါရိုက်တာတစ်ဦးဖြစ်ကာ ကျန်းလီယင်းနှင့်အတူတွဲ၍ တွေ့ရပြီး ကျန်းလီယင်းသားလေးနှင့်ပင် ရင်းနှီးမှုရှိခဲ့၍ ပရိသတ်များက ကျန်းလီယင်းကို အချစ်သစ်တွေ့ရှိနေပြီဟု ဆိုသည်။

(SKY)






## Scarlett Johansson ကို နှုးညံ့၍ ဖြူစင်သူအဖြစ် မမြင်တွေ့ခဲ့ရ

ဗြိတိသျှစာရေးဆရာ ပါလစ်ပါဂယ်ရီဂိုရီ၏ ဝတ္ထုကိုပြန်လည်ရိုက်ကူးထားသည့် The Other Boleyn Girl တွင် စတားလက်ဂျိုဟန်ဆန်ကို နူးညံ့၍ဖြူစင်သူအဖြစ် မမြင်တွေ့ခဲ့ကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မှာ ဒုတိယမြောက် Live Action ရိုက်ကူးထားခြင်းဖြစ်ပြီး ၁၆ ရာစု နန်းတော်တွင်းနှင့် ထီးနန်းဆက်ခံမှု အရှုပ်တော်ပုံများနှင့်အတူ Boleyn မိသားစုပြဿနာများကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။

ငယ်ဂုဏ်နှင့် အလှမာန်ကြွ၍ ထင်ရာစိုင်းတတ်သည့် မိန်းကလေး နယ်နှင်ခံရပြီး တည်ငြိမ်ထက်မြက်သည့်ပုံစံပြောင်းလာပုံ၊ မျှော်လင့်ထားသလို ဖြစ်မလာသည့် ဘုရင်မဘဝတွင် စိတ်၏ခြောက်လှန့်မှုနှင့် အမြဲထိတ်လန့်၊ စိတ်မလုံခြုံဖြစ်လာပုံတို့ကို သမိုင်းနောက်ခံ၊ အနိမ့်အမြင့်ခံစားချက်များနှင့် စတားလက်ဂျိုဟန်ဆန်ကို နူးညံ့၍ ဖြူစင်သူအဖြစ် မမြင်တွေ့ခဲ့ရဟု ပရိသတ်များ မှတ်ချက်ပေးထားကြသည်။ (SKY)

## Bajrangi Bhaijaan မင်းသမီးလေး ကြော်ငြာရိုက်ကူး

ဘောလိဝုဒ် စူပါစတား မင်းသား စလေမန်ခန်းနှင့်အတူ Bajrangi Bhaijaan ဇာတ်ကားတွင် ကလေးသရုပ်ဆောင်အဖြစ်ပါဝင်ခဲ့သော မင်းသမီးလေးမှာ လှသွေးကြွယ်ချိန်ရောက်ရှိလာပြီး ကြော်ငြာများလက်ခံရိုက်ကူးနေပြီဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် သူငယ်တန်းအရွယ် ကလေးသရုပ်ဆောင်လေးမှာ လက်ရှိချောမောလှပ လှသွေးကြွယ်ချိန်ရောက်ရှိလာကာ အပျိုမလေးဖြစ်နေသည်။

လက်ရှိပညာရေးဘက်တွင် အားစိုက်ထားရ၍ အနုပညာလုပ်ငန်းများ ရပ်နားထားသော်လည်း ကြော်ငြာများရိုက်ကူးနေကာ ပညာရေးဆုံးခန်းတိုင်လျှင် ဇာတ်ကားများ ပြန်လည်ရိုက်ကူးမည်ဖြစ်ကြောင်း သူ၏မိသားစုမှ တရားဝင် ပြောကြားထားသည်။

မုန္နီးလေးဟု လူသိများသော မင်းသမီးလေးအမည်မှာ Harshaali Malhotra ဖြစ်ပြီး ပရိသတ်စောင့်မျှော်နေကြသည်။

(SKY)





## Mai Davika ၏ အလှကို ဖက်ရှင်စတိုင်လ်သစ်နှင့် တွေ့ရ

ယမန်နေ့ကပြုလုပ်ခဲ့သည့် ထိုင်းအနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့သော The Story of a ghost night Stage drama ပြပွဲတွင် မိုင်ဒါဗီကာ၏ အလှကို ဖက်ရှင်စတိုင်လ်သစ်နှင့် တွေ့ကြရကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်သို့ ထိုင်းအနုပညာရှင်များ စုံညီစွာတက်ရောက်၍ အားပေးထားကြရာ မိုင်ဒါဗီကာမှာ ချစ်သူနှင့်အတူ ပွဲတက်ခဲ့ပြီး သူ့အလှမှာ ဖက်ရှင်စတိုင်လ်သစ်နှင့် တောက်ပနေသည်။

မိုင်ဒါဗီကာ၏ချစ်သူ တာချန်တာဗစ်က သူ၏အင်စတာဂရမ်တွင် မိုင်ဒါဗီကာ၏ အလှကို အကြည့်မှ မခွာနိုင်ဖြစ်ခဲ့ရသည်ဟု ရေးသားတင်ပြထား၍ ပရိသတ်များက ချစ်တတ်လွန်းသည့် ချစ်သူရထား၍ မိုင်ဒါဗီကာအတွက် ဝမ်းသာနေကြသည်။

(SKY)






## Centaur သည်းထိတ်ရင်ဖို ဇာတ်ကားကောင်းဖြစ်

ထရန်စဖော်မာဇာတ်ကားကဲ့သို့ ကားပေါ်မှ လူတစ်ယောက် တက္ကစီဒရိုက်ဘာအကြောင်း ရိုက်ကူးထားသည့် Centaur မှာ မှုခင်းအက်ရှင် သည်းထိတ်ရင်ဖို ဇာတ်ကားကောင်းတစ်ကားဖြစ်ကြောင်း ရီတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကြင်နာတတ်သော လူမိုက်အဖြစ် အန်နီရာရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် မင်းသားယူရာဘိုရီဆော့ ပါဝင်ထားပြီး ခြေမသန်၍ ကားပေါ်မှမဆင်းသည့် တက္ကစီသမားတစ်ဦးအကြောင်း သည်းထိတ်ရင်ဖို ရိုက်ကူးတင်ပြထားသည်။

သူ့ကားတွင် လိုက်စီးသည့် ညငှက်မလေးကို ဖောက်သည်များရှိရာ လိုက်မောင်းပို့ပေးရာမှ ညဘက်သီးသန့် တက္ကစီမောင်းသမားဖြစ်ပြီး လူသတ်သမားများနှင့် ကြုံတွေ့ခဲ့ရပုံကို မှုခင်းအက်ရှင် သည်းထိတ်ရင်ဖိုဖြစ်အောင် ရိုက်ကူးတင်ပြထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

(SKY)

# အစ္စရေးနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား



ဂျေရုဆလင် စက်တင်ဘာ ၈

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ရာမော့လမ်းဆုံရှိ ဘတ်စ်ကားပေါ်တွင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အနည်းဆုံး ငါးဦး သေဆုံးကြောင်း အစ္စရေးတာဝန်ရှိသူများက စက်တင်ဘာ ၈ ရက်တွင်ပြောကြားသည်။

**ပြန်လည်ခုခံ**

ယင်းတိုက်ခိုက်မှု အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားတစ်ဦးက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ သေနတ်သမားများ သေဆုံးခဲ့သည်။

အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးကြောင်းနှင့် ခုနစ်ဦး ဒဏ်ရာရကြောင်း၊ သေနတ်သမားများသည် ဘတ်စ်ကားပေါ်သို့ တက်လာပြီးနောက် ပစ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

နံနက်ပိုင်း လူသွားလူလာများပြားသည့် ဘတ်စ်ကားဂိတ်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ တိုက်ခိုက်သူများသည် အနောက်ဘက်ကမ်းမှ ပါလက်စတိုင်းဒေသခံများဖြစ်ကြောင်း အစ္စရေးနိုင်ငံပိုင် ကန်ရုပ်မြင်သံကြားဌာနက ပြောကြားသည်။ လက်ရှိအချိန်တွင် အစ္စရေးတပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခုတိုက်ခိုက်မှုသည် ဂါဇာဒေသကို အစ္စရေးက တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် တရုတ်နိုင်ငံရပ်တည်



ပေကျင်း စက်တင်ဘာ ၈

တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုသက်တမ်း ၁၆ နှစ်ကြာရှိခဲ့ကာ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်နေကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၈ ရက်တွင်ပြောကြားသည်။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ယခုနှစ် ပထမခုနစ်လအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၇ ဘီလီယံရှိခဲ့ကာ ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရန်ဒေါင်က ပြောကြားသည်။

တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များက အာဆီယံနိုင်ငံများရှိ အခြေခံအဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လာကြပြီး ယခုနှစ် ဇူလိုင်လကုန်တွင် ယင်းစီမံကိန်းများမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၈၀ အထိရရှိခဲ့သည်။

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ယခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျုန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်နန်နင်းတွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံမှ လုပ်ငန်းပေါင်း ၃၂၀၀ ခန့် ပါဝင်ပြသမည်ဖြစ်သည်။

ယခုနှစ် ကုန်စည်ပြပွဲတွင် ဉာဏ်ရည်တု နည်းပညာဆိုင်ရာထုတ်ကုန်နှင့် အခြားကုန်ပစ္စည်းများကို ပြသမည့် ပြခန်းများ ပါဝင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သည့်အနေဖြင့် အာဆီယံနိုင်ငံများမှ တင်သွင်းမည့် အပူပိုင်းဒေသသီးနှံများ၊ ကော်ဖီ၊ ရော်ဘာနှင့် စားအုန်းဆီများကို အများအပြား တင်သွင်းခွင့်ပြုမည်ဖြစ်ကာ အာဆီယံနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး ခိုင်မာစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ဒေါင်က မှတ်ချက်ပြုပြောကြားသည်။

အာဆီယံ နိုင်ငံများရှိ ဒစ်ဂျစ်တယ်နှင့် စိမ်းလန်းသော စီးပွားရေးကဏ္ဍအပါအဝင် အခြားသော ထွန်းသစ်စကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် စီးဆင်းမှု ထိန်းသိမ်းရေးအတွက်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်မည်

ဖနောင်ပင် စက်တင်ဘာ ၈


ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့အကြား လေကြောင်းသွားလာရေး၊ အဆင့်မြင့်ပညာရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းကိုင်တွယ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ သဘောတူညီချက်များကို စက်တင်ဘာ ၈ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

**ကူညီဆောင်ရွက်**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနတ်နှင့် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်တို့ ဖနောင်ပင်ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ယင်းသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားများ အချင်းချင်း ဆက်ဆံမှုမြှင့်တင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူခဲ့ကြကြောင်း ဝန်ကြီးချုပ်ဟွန်မာနတ်က ပြောကြားသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် ကမ္ဘောဒီးယားက ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်သည် သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် ဖနောင်ပင်သို့ရောက်ရှိနေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ




# တာပါမုန်တိုင်း ကမ်းရိုးတန်းမှ ကီလိုမီတာ ၁၇၀ အကွာသို့ ချဉ်းကပ်ရောက်ရှိလာ ဟောင်ကောင်တွင် ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများကို ပိတ်ထားရ

ပေကျင်း စက်တင်ဘာ ၈

ပြင်းထန်သော တာပါမုန်တိုင်းသည် ကမ်းရိုးတန်းမှ ကီလိုမီတာ ၁၇၀ အကွာသို့ ချဉ်းကပ်ရောက်ရှိလာပြီး မိုးသက်လေပြင်းများနှင့် မိုးရွာသွန်းမှုများက ဘဏ္ဍာရေးဗဟိုချက်၏ အများစုကို ထိခိုက်စေခဲ့သောကြောင့် စက်တင်ဘာ ၈ ရက်က ဟောင်ကောင်ကျွန်းတွင် ကျောင်းများကို ပိတ်ထားပြီး စီးပွားရေးလုပ်ငန်းများစွာလည်း ပိတ်သိမ်းခဲ့ရကာ လေယာဉ်ခရီးစဉ်အချို့ကိုလည်း ပယ်ဖျက်ခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၇ ရက်နံနက်ပိုင်းတွင် လမ်းမကြီးများ၌ အတော်အတန် ငြိမ်သက်နေပြီး ကမ်းပါးပြိုကျမှုများနှင့် မြေပြိုမှု သတင်းများလည်း ယနေ့အချိန်အထိ မကြားရသေးသဖြင့် ပျက်စီးမှုမှာ အနည်းငယ်သာ ရှိနိုင်သည်။

သင်္ဘောများ၊ ဘတ်စ်ကားများနှင့် ဓာတ်ရထားများအပါအဝင် သယ်ယူပို့ဆောင်ရေးအများစုကို ဆိုင်းငံ့ထားခဲ့ရပြီး မြို့၏ လူထုသယ်ယူပို့ဆောင်ရေး မီးရထားစနစ်ကို ပိုမိုကြာမြင့်စွာ အချိန်ယူပြေးဆွဲခဲ့ရကြောင်း သိရသည်။

Mon

# ဆီးရီးယားမြို့တော် ဒမတ်စကတ်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရန် ကူညီမည့် ထောက်ပံ့ရေးအစီအစဉ်ကို ဆော်ဒီအာရေဗျ ဆောင်ရွက်မည်

ရီယာ့ဒ် စက်တင်ဘာ ၈

ဆော်ဒီအာရေဗျနိုင်ငံသည် ဆီးရီးယားမြို့တော် ဒမတ်စကတ်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ကူညီရန် ရည်ရွယ်သည့် အထူးစီမံကိန်းသစ်ကို ကြေညာခဲ့ရာ ဆော်ဒီအာရေဗျနှင့် ဆီးရီးယားရှိ နယ်စပ်အာဏာပိုင်အသစ်တို့၏ ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒမတ်စကတ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရာတွင် ကူညီမည့် ထောက်ပံ့ရေးအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတော်မှ ထောက်ပံ့ပေးသော ဆာလ်မန်းဘုရင် လူသားချင်းစာနာထောက်ပံ့ရေးနှင့်ကယ်ဆယ်ရေးဌာနက အတည်ပြုသည်။

ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ပညာရေးတို့ကို အဓိကထားသည့် စီမံကိန်းများအပါအဝင် ဆီးရီးယားပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းအများအပြားကို စတင်ဖွင့်လှစ်ခွင့်ရရှိခြင်းအတွက် ဂုဏ်ယူကြောင်း ယင်းဌာနအကြီးအကဲ အဗ္ဗဒူလာအယ်လ်ရာဘီယာက ဒမတ်စကတ်မြို့တွင် ကျင်းပသည့် အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောဆိုသည်။

ယင်းအကူအညီသည် အလက်ပို၊ အဒ်လစ်ဘ်နှင့် ဟိုးမ်စ်မြို့များရှိ ကျောင်း ၃၄ ကျောင်းကို ပြန်လည်တည်ဆောက်ခြင်း၊ မီးဖိုဒါဇင်ပေါင်းများစွာကို ပြန်လည်ပြုပြင်ခြင်းနှင့် ဒမတ်စကတ်မြို့ရှိ ရေနှင့် မိလ္လာစနစ် အခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ခြင်းတို့အတွက်လည်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

Mon

# ဟွန်ဒိုင်းစက်ရုံမှ ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို ပြန်လွှတ်ပေးရန် အမေရိကန်နှင့် သဘောတူညီမှုရရှိ



ဆိုးလ် စက်တင်ဘာ ၈

တောင်ကိုရီးယားအစိုးရသည် အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ရှိ ဟွန်ဒိုင်းစက်ရုံတွင် အစုလိုက် အပြုံလိုက် အလုပ်သမားစစ်ဆေးမှုအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသော ၎င်း၏ နိုင်ငံသားများကို ပြန်လွှတ်ပေးရန် အမေရိကန်နှင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြီးမြောက်ပါက ဖမ်းဆီးခံထားရသူများကို ပြန်လည်ခေါ်ဆောင်ရန် အထူးလေယာဉ်တစ်စင်းပေးပို့မည်ဟု တောင်ကိုရီးယားသမ္မတ၏ အကြီးတန်းအရာရှိချုပ် ကန်းဟွန်ဆစ်က ထုတ်ဖော်ပြောကြားသည်။

အနာဂတ်တွင် ယင်းကဲ့သို့ဖြစ်ရပ်များ မဖြစ်ပေါ်စေရန် ဗီဇာစနစ်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အဆိုပါပြည်နယ်တွင် အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများထဲမှ တစ်ခုဖြစ်သည့် ဘက်ထရီစက်ရုံတွင် တရားမဝင်အလုပ်လုပ်နေကြောင်း စွပ်စွဲခံထားရသူ ၄၇၅ ဦးကို အမေရိကန်အရာရှိများက ဖမ်းဆီးထိန်းသိမ်းခဲ့ရာ ၎င်းတို့အနက် တောင်ကိုရီးယားနိုင်ငံသား ၃၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

Mon

## ပလတ်စတစ် သုံးစွဲမှု လျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်း သုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေး မြို့မဈေး အတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)အစား ငှက်ပျော ဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး ခြင်း Campaign နှင့် အင်ဖက် များ အခမဲ့ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ စားသုံးသူ ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ အား ဈေးဝယ်ရာတွင် လက်ဆွဲ ခြင်းများ၊ ထည့်စရာများ ယူဆောင် လာရန် အသိပညာပေးခြင်း၊ လက် ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း နှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးကာ ပလတ်စတစ် အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြော ကြားပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)ဇော်ထက်(သရက်)**

## လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေး

**မိုင်းယောင်း စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် လူကုန် ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန် က ရွှေ့ပြောင်းအလုပ်သမားများ အဖြစ် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြရာတွင် ပြည်ပ အလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများနှင့် ချိတ် ဆက်၍ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ခြင်းဖြင့် လူကုန်ကူးမှုအန္တရာယ်မှကင်းဝေး ကြမည့်အပြင် ဆိုက်ရောက်ရာနိုင်ငံ များ၌လည်း တရားဝင်ရပ်တည် နိုင်ကြမည်ဖြစ်ကြောင်း၊ အကယ် ၍ နစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါ ကလည်း တရားဝင်အကာအကွယ် ပေးမှုများကို ရရှိနိုင်ကြမည်ဖြစ်ရာ လူကုန်ကူးခံသားကောင်များဘဝ မကျရောက်စေရေးအတွက် တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့ထွက်ခွာမှုများကို ရှောင် ရှားကြရန် ဆွေးနွေးသည်။

ထို့နောက် ရပ်သံကျွမ်းကျင် (၃) ဒေါ်နန်းစီဖောင်းက မြန်မာ နိုင်ငံတွင် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေကို ၂၀၀၅ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ် စီမံ ကိန်းများကို ၂၀၀၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စတုတ္ထ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ကာလတွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ လူကုန် ကူးမှုများကို ကာကွယ်တားဆီးရန် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင် ရွက်လျက်ရှိကြောင်း ဆွေးနွေး ခဲ့သည်။

**(အပေါ်ပုံ)**

**(၅၀၅)**

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရား မဝင် ကုန်သွယ်မှုများကို ဥပဒေ နှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိရာ စက်တင်ဘာ ၄ ရက် တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ သာယာကုန်းကျေးရွာအနီး၌ ယာဉ် ရှစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း ၇၈ မျိုး၊ လူသုံးကုန် ပစ္စည်း ၂၂ မျိုး၊ စားသောက် ကုန်ပစ္စည်း ၂၀ မျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head နှစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Faw Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက် တွဲယာဉ် ခြောက်တွဲကိုလည်း ကောင်း၊ ဘားအံမြို့၊ ခရဲကမ်းနား



ကျေးရွာအနီး၌ ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၈မျိုး၊ လုပ်ငန်း သုံးပစ္စည်း ၂၄ မျိုး၊ စားသောက် ကုန်ပစ္စည်း ၁၃ မျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ် စီး၊ Hino Profia Truck တစ် စီး၊ Hino Ranger Truck တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Hino Profia Tractor Head တစ် စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲကိုလည်းကောင်း၊ ဘားအံ မြို့နယ်၊ ဝါးဘိုးတော-ဒုံသမိကား လမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ စား သောက်ကုန်ပစ္စည်း ကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Yutong Bus တစ်စီး ကိုလည်းကောင်း သိမ်းဆည်းရမိ ခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ် နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**(အပေါ်ပုံ)**

ဆက်လက်၍ စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသ ကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများ ဆောင်ရွက် ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ် ကွက်၊ ရတနာပုံပူးပေါင်းစစ်ဆေး ရေးဂိတ်၌ လိုင်စင်မဲ့ယာဉ် နှစ်စီး ကိုလည်းကောင်း၊ ရတနာပုံ တံတားစစ်ဆေးရေးဂိတ်၌ စား သောက်ကုန်ပစ္စည်းအမျိုး ၃၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း မြို့နယ်၌ လိုင်စင်မဲ့မော်တော် ယာဉ်တစ်စီးကို ဖမ်းဆီးအရေးယူ ထားသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်း မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စစ် ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတားပူးပေါင်းစစ်ဆေး ရေးဂိတ်၌ မော်တော်ယာဉ်စစ် ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်နေ သောင်းညွန့်(၅၃)နှစ် မောင်းနှင် လာသည့် YGN-31 3H --- HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော် ယာဉ်နှင့်ပတ်သက်သည့် အထောက် အထား တစ်စုံတစ်ရာ ပြသနိုင် ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော် ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ ရသဖြင့် သောင်းညွန့်အား စစ် ကိုင်းမြို့မရဲစခန်း၌ အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သည် သက်သေများနှင့်အတူ စက်တင်ဘာ ၄ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် သာစည် မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီး တွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မိုးမင်း မောင်း နှင်လာသည့် မော်တော်ဆိုင်ကယ်



အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင် လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မိုးမင်း(၃၇)နှစ်အား သာစည်မြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး များဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များ ကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ညောင်ဦး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

ရွှေဦးစွာ အခြေခံပညာ အထက်တန်းကျောင်း(ညောင်ဦး) ကျောင်းသား၊ ကျောင်းသူများက ''ဘက်စုံပညာရည် တို့လှမ်းချီ'' သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသော်ထက်က အမှာစကားပြောကြားသည်။

ယင်းနောက် ညောင်ဦးခရိုင်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၆ ဦး၊ ဂုဏ်ထူးရရှိသူ ၃၄၂ ဦးတို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အဖွဲ့ဝင်(၁)နှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ကော်မတီဝင်များ၊ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူးတို့က ဂုဏ်ပြုကတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၁)**






# လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ် CEA ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ CEA ကိုယ်ပိုင် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းနှင့် CEA ကိုယ်ပိုင်ကျောင်းတည်ထောင်သူ ဒေါ်အေးချမ်းဖြူတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade(7)၊ Grade(8)၊ Grade(9) မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်သိပ္ပံနည်းပညာ စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ဖြေကြားပြီးနောက် ကျောင်းသား၊ ကျောင်းသူများက ပြသထားသော အသိပညာပေးနံရံကပ် စာစောင်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

# မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

**မန္တလေး စက်တင်ဘာ ၈**

မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၃၂လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ မာန်အောင်ရတနာဓာတုဃရ ဝါခင်းကုန်းစေတီတော်အတွင်းရှိ မဟာမုနိဓာတ်ပေါင်းစုဓမ္မာရုံတွင် ကျင်းပပြုလုပ်ရာ ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်၊ ဦးနန္ဒ၊ အတွင်းရေးမှူး ဒေါ်စုလှဲ့ရည်ထွေးနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးနန္ဒက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစီးအရာရှိ ဒေါ်စုလှဲ့ရည်ထွေးက မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မဲပေးစက်၏လုပ်ဆောင်ချက်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ပြုလုပ်ဆောင်ရွက်ကြသည်။

အလားတူ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအခမ်းအနားကိုလည်း နံနက် ၁၁ နာရီက ပြည်ကြီးမျက်ရှင်ရပ်ကွက် အ-ထ-က(၅)တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၄၁)**

# စက်မှုလုပ်ငန်းရှင်များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်

**ကန့်ဘလူ စက်တင်ဘာ ၈**

ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများမဖြစ်ပေါ်စေရန်၊ ပြုပြင်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ သိရှိစေရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းသောစက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ စက်မှုလုပ်ငန်းရှင်များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေး သင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီညီစိုးက အသိပညာပြန့်ပွားရေးသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်သင်ကြားပို့ချသည်။ အဆိုပါသင်တန်းသို့ ကန့်ဘလူမြို့ပေါ်ရှိ စက်မှုလုပ်ငန်းရှင် ၂၀ ဦးခန့် တက်ရောက်ကြပြီး သင်တန်းကာလ သုံးရက်တာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့မှ သက်ဆိုင်ရာဘာသာရပ်များအလိုက် ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကျင်းပ

**မြို့သစ် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် လူငယ်ပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကွက်သစ်ရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးနှင့် ပလတ်စတစ်၏ ဆိုးကျိုးများအကြောင်း၊ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း (Book Club)အဖွဲ့ဝင် ဆရာဦးတင်မောင်ဝင်းက မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို အသီးသီးဟောပြောဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အသိပညာပေးစာအုပ်၊ စာစောင်များပြသရာ စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**





# နိုင်ငံတကာ အားကစား သတင်းများ

## အိုနာနာအား ခေါ်ယူရန် ထရက်ဇွန်စပေါ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် စက်တင်ဘာ ၈**

တူရကီကလပ် ထရက်ဇွန် စပေါ်အသင်းသည် မန်ယူအသင်း ဂိုးသမား အိုနာနာကို အငှားဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် ထရက်ဇွန်စပေါ်အသင်းနှင့်အတူ ယခုရက်ပိုင်းအတွင်း လာရောက်ပူးပေါင်းသွားမည်ဖြစ်သည်။



ဂိုးသမား အိုနာနာသည် မန်ယူအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၂ ပွဲ ကစားထားခဲ့သည်။

ဂိုးသမား အိုနာနာအနေဖြင့် ထရက်ဇွန်စပေါ်အသင်းတွင် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)



## ခြေချင်းဝတ်ဒဏ်ရာကြောင့် ဆာလီဘာ တစ်လနီးပါးအနားယူရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၈**

အာဆင်နယ်အသင်း နောက်ခံကစားသမား ဆာလီဘာသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဆာလီဘာ ဒဏ်ရာပြဿနာနှင့်ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းခံစစ်ပိုင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (အပေါ်ပုံ)

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဆာလီဘာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၇ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## 2025 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Carlos Alcaraz ဆွတ်ခူး

**နယူးယောက် စက်တင်ဘာ ၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ်ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner ကို ၆-၂၊ ၃-၆၊ ၆-၁၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၂)နှစ်အရွယ်ရှိ Carlos Alcaraz က "ကျွန်တော် အခုလို 2025 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ဝဲပုံ) (NGB)

## မာလစ်ဖိုဖာနာကို ခေါ်ယူရန် စပါးအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၈**

စပါးအသင်းသည် လိုင်ယွန်အသင်း တောင်ပံကစားသမား မာလစ်ဖိုဖာနာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၅ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ (ယာပုံ)

လိုင်ယွန်အသင်းကလည်း မာလစ်ဖိုဖာနာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ မာလစ်ဖိုဖာနာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## စပိန်အသင်းက တူရကီအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၈**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲအုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက စပိန်အသင်းနှင့် တူရကီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက တူရကီအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (အောက်ပုံ)

စပိန်အသင်းအတွက် သွင်းဂိုး ခြောက်ဂိုးကို ပွဲချိန် ၆မိနစ်နှင့် ၆၂မိနစ်တွင် ပီဒရီ၊ ပွဲချိန် ၂၂မိနစ်၊ ၄၆မိနစ်၊ ၅၇မိနစ်တို့တွင် မီရီနို၊ ပွဲချိန် ၅၃မိနစ်တွင် ဖာရန်တောရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အီတလီအသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲအုပ်စုအဆင့်ပွဲစဉ်အဖြစ် လာမည့်အောက်တိုဘာ ၁၂ ရက်တွင် ဂျော်ဂျီယာအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)



### အာရှဖလား(ယူ-၂၃)ဘောလုံးပြိုင်ပွဲ (ခြေစစ်ပွဲ-အုပ်စုအဆင့်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၉-၉-၂၀၂၅ အင်္ဂါနေ့ | မွန်းလွဲ ၂း၀၀နာရီ | D | တီမော - မြောက်မာရီနာကျွန်း |
| ॥ | မွန်းလွဲ၃း၀၀နာရီ | J | လာအို - မကာအို |
| ॥ | မွန်းလွဲ ၃း၃၀နာရီ | C | စင်ကာပူ - အင်္ဂလားဒေ့ရှ် |
| ॥ | ॥ | F | လက်ဘနွန် - မွန်ဂိုလီးယား |
| ॥ | ॥ | G | အိုမန် - ပါကစ္စတန် |
| ॥ | ညနေ၄း၀၀နာရီ | B | မြန်မာ - အာဖဂန်နစ္စတန် |
| ॥ | ညနေ၄း၃၀နာရီ | E | ဥဇဘက်ကစ္စတန် - ပါလက်စတိုင်း |
| ॥ | ညနေ၆း၀၅နာရီ | D | သြစတြေးလျ - တရုတ် |
| ॥ | ညနေ၆း၃၀နာရီ | G | အီရတ် - ကမ္ဘောဒီးယား |
| ॥ | ॥ | C | ဗီယက်နမ် - ယီမင် |
| ॥ | ည၇း၀၀နာရီ | J | တောင်ကိုရီးယား - အင်ဒိုနီးရှား |
| ॥ | ॥ | B | ဂျပန် - ကူဝိတ် |
| ॥ | ॥ | F | ထိုင်း - မလေးရှား |
| ॥ | ည၇း၃၀နာရီ | K | ဖိလစ်ပိုင် - နီပေါ |
| ॥ | | A | တရုတ်တိုင်ပေ - ဘူတန် |
| ॥ | ည၈း၃၀နာရီ | E | ကာဂျစ္စတန် - သီရိလင်္ကာ |
| ॥ | ည၉း၀၀နာရီ | I | ဟောင်ကောင်(တရုတ်) - ဂူအမ် |
| ॥ | ည၉း၄၅နာရီ | H | အိန္ဒိယ - ဘာရိန်း |
| ॥ | ည၁၀း၃၀နာရီ | A | ဂျော်ဒန် - တာမန်နစ္စတန် |
| ॥ | ॥ | K | တာဂျစ်ကစ္စတန် - ဆီးရီးယား |
| ॥ | ည၁၁း၃၀နာရီ | H | ကာတာ - ဘာရိန်း |
| ၁၀-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၀း၀၀နာရီ | I | ယူအေအီး - အီရန် |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၉-၉-၂၀၂၅ အင်္ဂါနေ့ | ည ၁၀း၃၀နာရီ | F | အာမေးနီးယား - အိုင်ယာလန် | ——— |
| ॥ | ॥ | D | အဇာဘိုင်ဂျန် - ယူကရိန်း | ——— |
| ၁၀-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၁၅နာရီ | K | အယ်လ်ဘေးနီးယား - လတ်ဗီးယား | လတ်ဗီးယား ၁-၁ အယ်လ်ဘေးနီးယား |
| ॥ | ॥ | H | ဘော့စနီးယား - သြစတြီးယား | ——— |
| ॥ | ॥ | H | ဆိုက်ပရပ်စ် - ရိုမေးနီးယား | ရိုမေးနီးယား ၂-၀ ဆိုက်ပရပ်စ် |
| ॥ | ॥ | D | ပြင်သစ် - အိုက်စလန် | ——— |
| ॥ | ॥ | F | ဟန်ဂေရီ - ပေါ်တူဂီ | ——— |
| ॥ | ॥ | I | နော်ဝေ - မော်လ်ဒိုဗာ | မော်လ်ဒိုဗာ ၀-၅ နော်ဝေ |
| ॥ | ॥ | K | ဆားဘီးယား - အင်္ဂလန် | ——— |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၉-၂၀၂၅ အင်္ဂါနေ့ | မွန်းလွဲ ၁း၀၀နာရီ | နယူးဇီလန် - သြစတြေးလျ |
| ॥ | ညနေ ၆း၀၀နာရီ | သီရိလင်္ကာ - မော်လ်ဒိုက် |
| ॥ | ညနေ ၆း၁၅နာရီ | နီပေါ - ဘင်္ဂလားဒေ့ရှ် |
| ॥ | ည ၁၀း၃၀နာရီ | အက်စ်တိုးနီးယား - အန်ဒိုရာ |
| ॥ | ည ၁၁း၃၀နာရီ | ဂျော်ဒန် - ဒိုမီနီကန် |
| ၁၀-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၁၅နာရီ | ဝေးလ်စ် - ကနေဒါ |
| ॥ | နံနက် ၀၁း၃၀နာရီ | မော်လ်တာ - ဆမ်မာရီနို |
| ॥ | နံနက် ၀၃း၀၀နာရီ | အီဂျစ် - တူနီးရှား |
| ॥ | နံနက် ၀၆း၀၀နာရီ | အမေရိကန် - ဂျပန် |
| ॥ | နံနက် ၀၆း၃၀နာရီ | မက္ကဆီကို - တောင်ကိုရီးယား |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်)ခြေစစ်ပွဲ(ပွဲစဉ်-၁၈)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ပကျော့ရလဒ် |
|---|---|---|---|
| ၁၀-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၅း၃၀နာရီ | (၄)အီကွေဒေါ - အာဂျင်တီးနား(၁) (W,D,D,D,D) (W,W,W,D,W) | အာဂျင်တီးနား ၁-၀ အီကွေဒေါ |
| ॥ | နံနက်၀၆း၀၀နာရီ | (၈)ဘိုလီဗီးယား - ဘရာဇီး(၂) (L,D,L,W,L) (W,L,D,W,W) | ဘရာဇီး ၅-၁ ဘိုလီဗီးယား |
| ॥ | ॥ | (၁၀)ချီလီ - ဥရုဂွေး(၃) (L,D,L,L,L) (L,D,L,W,W) | ဥရုဂွေး ၃-၁ ချီလီ |
| ॥ | ॥ | (၉)ပီရူး - ပါရာဂွေး(၆) (W,L,D,D,L) (W,D,W,L,D) | ပါရာဂွေး ၀-၀ ပီရူး |
| ॥ | ॥ | (၇)ဗင်နီဇွဲလား - ကိုလံဘီယာ(၅) (L,W,W,L,L) (L,D,D,D,W) | ကိုလံဘီယာ ၁-၀ ဗင်နီဇွဲလား |

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဝန်ထမ်းများမှ စာဖတ်ဝိုင်းကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ရုံးခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား ဝန်ထမ်းကျင့်ဝတ်စာအုပ်ဖြင့် ဆွေးနွေးပွဲ စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အခန်း(၁) ဝန်ထမ်းများ လိုက်နာရမည့် တာဝန်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က အခန်း(၂) ဝန်ထမ်းစည်းကမ်းများခေါင်းစဉ်မှ အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ စာကြည့်တိုက်မှူး ဒေါ်သိန်းသိန်းတင့်က လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာစည်းကမ်းများ၊ ပါတီနိုင်ငံရေးကင်းရှင်းရန် စည်းကမ်းများစသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီးဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။**နောင်နောင်(မိဿနီးမြေ)**



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဆီဆိုင် စက်တင်ဘာ ၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက ယမန်နေ့ ညနေပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ တံတားတည်ဆောက်ရေး အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဆီဆိုင်မြို့နယ်တာဝန်ခံတို့က ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၃၅၀ ဖြင့် ဆောင်ရွက်သည့် ဆီဆိုင်မြို့နယ်၊ ကုန်းဆွတ်-လာဇရူး-တောင်သာ-တရောက်-ဖာလိုင်လမ်းပေါ်ရှိ ပေ ၂၀၀ သံကူကွန်ကရစ်တံတား(ပထမပိုင်း)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယခုနှစ် မိုးသီးနှံမျိုးစုံ လျာထားချက်ထက် ဧက ၂၆၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့

**ကျွန်းလှ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ လျာထားချက်ထက် ဧက ၂၆၀၀ ကျော်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ ၇၆၉၇၈ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ဧက ၇၉၆၆၀ စိုက်ပျိုးပြီးစီးခြင်းကြောင့် ၂၆၈၂ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ စိုက်ပျိုးပြီးသော သီးနှံမျိုးစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဟန်းတိုင်အထွက်နှုန်းရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ ပေါင်းမြက်ကင်းရှင်းခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက်သုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံမျိုးစုံ စိုက်ပျိုးမှုအဖြစ် စပါး ၃၄၀၉၉ ဧက၊ ပဲမျိုးစုံ ဧက ၁၆၉၆၀၊ ဆီထွက်သီးနှံ ၇၃၂၄ ဧက၊ အခြားသီးနှံ ၁၉၇၂၈ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**(အောက်ပုံ) (၄၈၀)**



## မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက မှတ်ပုံတင်စက်မှုလုပ်ငန်း (MSME)ပေါင်း ၆၀၀၀ ကျော်ရှိ

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များအလိုက် ဩဂုတ်လအထိ ပုဂ္ဂလိကမှတ်ပုံတင်ထားသည့် အကြီးစား၊ အလတ်စား၊ အငယ်စား စက်မှုလုပ်ငန်းပေါင်း ၆၉၃၀ ရှိကြောင်း တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် သင်တန်းများ နှစ်စဉ်ဖွင့်လှစ်ပေးသကဲ့သို့ လိုအပ်ချက်များကိုလည်း ဌာနအနေဖြင့် ဆောင်ရွက်ပေးကြောင်း ထိုဌာနတာဝန်ရှိသူက ပြောသည်။

"စက်မှုလုပ်ငန်းလုပ်မယ်ဆိုရင် မှတ်ပုံတင်ရမယ်ဆိုတဲ့ ဥပဒေရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းအလိုက် စက်မှုလုပ်ငန်းတွေ မှတ်ပုံတင်ရာမှာ ကြီး၊ လတ်၊ ငယ် ခွဲခြားထားပြီး စုစုပေါင်း ၆၀၀၀ ကျော်ရှိတယ်။ အဲ့ဒီထဲမှာ မြို့တော်စည်ပင်သာယာ၊ ဟိုတယ်/ခရီးနဲ့ အသေးစားစက်မှုမှာ မှတ်ပုံတင်ထားတာ မပါသေးဘူး"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအထိ ခရိုင်နှင့် မြို့နယ်များအလိုက် ပုဂ္ဂလိကမှတ်ပုံတင်ထားသည့် စက်မှုလုပ်ငန်းများမှာ အကြီးစား ၁၇၃၈ ခု၊ အလတ်စား ၂၉၈၅ ခု၊ အငယ်စား ၂၂၀၇ ခု၊ စုစုပေါင်း ၆၉၃၀ ခုရှိပြီး အများဆုံးမှာ စားသောက်ကုန်လုပ်ငန်းများဖြစ်သည်။ **(အောက်ပုံ)**

"စက်မှုလုပ်ငန်းအမျိုးအစားခွဲရာမှာ မြင်းကောင်ရေ တစ်ခုတည်းပေါ် မူတည်ခွဲတာ မဟုတ်ဘူး။ ဘက်ပေါင်းစုံကြည့်ပြီးခွဲခြားပါတယ်။ အချို့က လုပ်သားအင်အားကို အခြေပြုတာရှိတယ်။ ဥပမာ အထည်ချုပ်လုပ်ငန်းပေါ့။ မှတ်ပုံတင်ခြင်းဖြင့် အကာအကွယ်ရမှာဖြစ်သလို လုံခြုံမှုရှိမယ်။ အထောက်အပံ့တွေရမယ်။ ဒါကြောင့် မှတ်ပုံတင်ကြဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စက်မှုလုပ်ငန်းမှတ်ပုံတင်ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်စွမ်းအား၊ လုပ်သားအင်အား၊ ထုတ်လုပ်မှုစွမ်းအားတို့အပြင် အသုံးပြုလည်ပတ်သည့် စက်စွမ်းအား(မြင်းကောင်ရေ)စသဖြင့် ဘက်ပေါင်းစုံသုံးသပ်၍ အကြီးစား၊ အလတ်စား၊ အငယ်စားဟူ၍ ခွဲခြားကြောင်း၊ မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်သို့ အခွန်ပေးဆောင်မှု တာဝန်ကျေပွန်မည်ဖြစ်ပြီး SME ချေးငွေများလည်း လျှောက်ထားရယူနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၁၁၀ ဈေးတက်



**မန္တလေး စက်တင်ဘာ ၈**

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၂၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် စက်တင်ဘာ ၁ ရက်မှ ၇ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၅၂၀ ဖြစ်သဖြင့် တစ်ပိဿာ ရည်ညွှန်းဈေး ငွေကျပ် ၁၁၀ ဆက်လက်ဈေးမြင့်တက်လာသည်။ **(အပေါ်ပုံ)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ မဖြစ်ပေါ်စေရေးအတွက် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**




# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ကြီးတက္ကသိုလ်မှ မကျော့မေခိုင်က မြတစ်ခက် သီချင်းဖြင့်လည်းကောင်း၊ ခနုစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ခနုတိုင်းရင်းသားရိုးရာအကဖြင့်လည်းကောင်း၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ဖြင့်လည်းကောင်း အသီးသီး ကပြဖျော်ဖြေကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ကြသည်။

အဆိုပါ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ အဆင့်မြင့်၊ အခြေခံ(၁၅-၂၀)၊ အခြေခံ(၁၀-၁၅)အဆင့်တို့မှ အဆိုတွင် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၇ ဦး၊ အကတွင် အမျိုးသား ကိုးဦး၊ အမျိုးသမီး ၉၂ ဦး၊ အရေးတွင် အမျိုးသမီး တစ်ဦး၊ အတီးပြိုင်ပွဲတွင် အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ စုစုပေါင်း အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၁၁၇ ဦးတို့က ယနေ့အထိ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဂုဏ်ယူဖွယ်အမှတ်တရနှင့် အနာဂတ်၏ဗိသုကာများ လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အား ဂုဏ်ပြုသောအားဖြင့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားသော မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့် ကျင်းပရေးကော်မတီနှင့်မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA)တို့ ပူးပေါင်းကျင်းပသော "ဂုဏ်ယူဖွယ် အမှတ်တရများနှင့် မန္တလေးတက္ကသိုလ်စကားဝိုင်း နှင့် အနာဂတ်၏ ဗိသုကာများ" လူငယ်စကားဝိုင်းကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ၅၃လမ်းရှိ Hotel Hazel တွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အဖွင့်အမှာစကားပြောကြားခြင်း၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အမှတ်တရစကားပြောကြားခြင်း၊ ဝဏ္ဏကျော်ထင်၊ သီရိပျံချီ ဦးမောင်ကိုက ဂုဏ်ပြု အမှတ်တရစကားပြောကြား၍ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဇော်မျိုးအောင်က စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားတွင် ဦးခင်မောင်စိုးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး ဓာတုဗေဒဌာနပါမောက္ခ(ငြိမ်း)ဦးတင်မောင်၊ စီးပွားရေးလုပ်ငန်းရှင် ဒေါ်သန်းသန်းဆွေ၊ ပန်းချီပညာရှင်ဦးစိန်မြင့်(ရွှေချည်ထိုး)နှင့် စာရေးဆရာဆူးငှက်တို့က ဂုဏ်ယူဖွယ်ရာအမှတ်တရများနှင့် မန္တလေးတက္ကသိုလ်စကားဝိုင်းကိုလည်းကောင်း၊ ဒုတိယပိုင်းအဖြစ် ဒေါ်ခင်စောဦး၊ ဦးဇော်ဝင်း(ဘောလုံး)၊ ဦးခင်မောင်ချို(KMC)တို့က "အနာဂတ်၏ဗိသုကာများ"စကားဝိုင်းဆွေးနွေးကြပြီး မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၄၅)**




# ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်

**ပင်းတယ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသပညာရေးမှူး ဆရာမကြီးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရရှိသည့်ကျောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အ·ထ·က (ကြို့သက်) ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်လူရည်မွန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

(၃၃၈)

*-*-*-*-*



# ခရမ်းသီးတစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချရသဖြင့် ခရမ်းစိုက်တောင်သူများ စီးပွားရေးအဆင်ပြေ

**ကျောက်ဆည် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆည်များ၊ မြောင်းများ ပေါများသည့်အတွက် မြစ်ဘေး၊ ချောင်း၊ မြောင်းဘေးများမှ ကိုင်းကျွန်းမြေ ပိုင်ဆိုင်သည့် တောင်သူအချို့သည် ဟင်းသီး၊ ဟင်းရွက်သီးနှံမျိုးစုံကို နှစ်ပတ်လည်စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုများ နေ့စဉ်ဝင်ငွေရရှိကြောင်းသိရှိရပြီး ရန်ပုံနှစ်ကျေးရွာတွင် ကိုင်းကျွန်းမြေပိုင်ဆိုင်သည့် တောင်သူဦးမြင့်မောင် စိုက်ပျိုးထားသည့် ခရမ်းသီးပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချရသဖြင့် စီးပွားရေး အဆင်ပြေလျက်ရှိသည်။



ခရမ်းသီးနှံ စိုက်ပျိုးမည်ဆိုပါက အပင်အသေအပျောက်မရှိစေရန်အတွက် မျိုးစေ့များကို ပျိုးအိတ်များဖြင့် ဦးစွာပျိုးထောင်ပြီး သန်မာသည့်အပင်များကို ရွေးချယ်စိုက်ပျိုးရကြောင်းနှင့် ကာလရှည်သီးနှံတစ်မျိုးဖြစ်ပြီး ရေကြိုက်နှစ်သည့်အတွက် စိုဓာတ်မပြတ်ရေသွင်းရေထုတ်ပြုလုပ်နိုင်ရေးမြေဘောင်များပြုလုပ်ကာ တစ်ပင်နှင့် တစ်ပင် ငါးပေအကွာစိုက်ပျိုးရပြီး အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများ ပြုလုပ်ပေးရကြောင်း၊ တစ်လတစ်ခါ အပင်အခြေများတွင် အာမိုမြေဩဇာနှင့် ပုလဲမြေဩဇာရော၍ ချိန်ဆကာ မြေဆီထည့်ပေးရပြီး ရေသွင်းပေးရကြောင်း၊ လိုအပ်တဲ့အချိန်များတွင် အပင်အားတိုးဆေးနှင့် ပိုးနှင်ဆေးများဖျန်းပေးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းသည့်အပင်များရရှိသည်။

ခူးဆွတ်ရောင်းချရာ၌ ဈေးကွက်အပေါ်မူတည်၍ နေ့စဉ်ခူးဆွတ်ရောင်းချခြင်း၊ တစ်ရက်ခြား၊ နှစ်ရက်ခြား ခူးဆွတ်ရောင်းချခြင်းများပြုလုပ်ကြောင်း၊ ခရမ်း တစ်ဧက စိုက်ပျိုးထားပါက စတင်ခူးဆွတ်ချိန်၌ ၄၅ပိဿာခန့်ခူးဆွတ်ရပြီး အသီးလှိုင်ချိန်၌ ပိဿာ ၁၀၀ ကျော်အထိထွက်ရှိပြီး ရောင်းဈေးအနေဖြင့် ဈေးကွက်အပေါ်မူတည်၍တစ်ပိဿာလျှင်ငွေကျပ် ၁၅၀၀ မှ ၁၈၀၀အထိ ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ခရမ်းစိုက် တောင်သူများထံမှသိရသည်။

(အပေါ်ပုံ)

(၄၈၅)

## ဝတ္ထုတိုကဏ္ဍ

# ဆေးသယ်တဲ့ ကိုကြီးတင်

**နိုင်ဗလ**



နွေရာသီတစ်နေ့…

ပျင်းပျင်းရှိသည်နှင့် ကျောင်းပိတ်ရက်ဖြစ်သော စနေ ကျောင်းပိတ်ရက်တွင် ၈၂လမ်းနှင့် ၃၉လမ်းအနီးတွင် အဆောင်ငှားရမ်း၍ စုနေကြသော သူငယ်ချင်း ငမျိုး၊ ကိုဆန်း၊ ကိုကြီးတင်တို့ အဆောင်ဘက်သို့ စက်ဘီးတစ်စီးဖြင့် ခြေဦးလှည့်ခဲ့သည်။ ထိုလမ်းထဲတွင် သူငယ်ချင်း ဇော်ကြီး၏ အိမ်လည်းရှိသည်။ အဆောင်ငှားသည်ဟုသာ ဆိုရသည်။ ခင်မင်ရင်းစွဲလည်းရှိ၊ အဖော်လည်းရသဖြင့် သူငယ်ချင်းတစ်စုကို ထားပေးခြင်းဖြစ်သည်။ ထိုသူငယ်ချင်းများကလည်း နေရုံသာမက ကိုဆန်းက ဗေဒင်ဟောသေးသည်။ ငမျိုးက ပွဲစား၊ ကိုကြီးတင်က ကုန်သည်(စားစရာကုန်လျှင် စစ်ကိုင်းအိမ်မှ ဆန်၊ ဆီ၊ ပဲ၊ ရိက္ခာ ပြန်၍ သယ်သည်) ဇော်ကြီးတို့အိမ်က ဝပ်ရှော့လုပ်သည်။ နံနက် ၁၀ နာရီခန့် ရောက်သည်။ သူငယ်ချင်းအားလုံး မစုံ၊ ကိုကြီးတင်က မနေ့ညနေက စစ်ကိုင်းသို့ ပြန်သွားသည်။ ထုံးစံအတိုင်း ကုန်သည်လုပ်ခြင်း ဖြစ်သည်။ ယနေ့နေ့လယ် ပြန်လာမည်ဟု ဆိုသည်။ သူငယ်ချင်းများအားလုံး မေဂျာတူဖြစ်၍ လိုအပ်သောစာများ အချင်းချင်း ဖလှယ်ကြသည်။ ပြီးလျှင် လေစီးကြောင်းတိုက်ရန် လက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြသည်။

‘ကလေးတွေ ထမင်းစားချိန် ပြန်လာခဲ့ကြနော်။ ဒီနေ့ ပဲကုလားဟင်းနဲ့ ငါးခြောက်ကြော် ပိုချက်ထားတယ်’ အိမ်ရှင်အန်တီက အပေါက်က လှမ်း၍ အော်ပြောမှာလိုက်သေးသည်။ အိမ်ရှင်အန်တီတို့လင်မယားက အရာရှိဝန်ထမ်းအငြိမ်းစားများ ဖြစ်သည်။ အိမ်ကြီးက အကျယ်ကြီးမို့ ကျွန်တော့်သူငယ်ချင်းများကို အဆောင်ထားပေးခြင်းဖြစ်သည်။ သားသမီးအရင်းကဲ့သို့ ချစ်ခင်ဂရုစိုက်ပေးကြသည်။ အဆောင်လခထက် သူက ပြန်ပြီး ချက်ပြုတ်ကျွေးမွေးသည့် ကုန်ကျစရိတ်က ပိုနေသေးသည်။ သူငယ်ချင်းများ လာလည်လျှင် သူကထမင်းကျွေးလိုက်ရမှ ကျေနပ်သူဖြစ်သည်။ သူငယ်ချင်းတစ်ဖွဲ့လုံးကလည်း ရိုးသားကြသူများဖြစ်၍ မိသားစုအရင်းပမာ သံယောဇဉ်ကြီးစွာ နေခဲ့ကြသည်။

လမ်းထိပ်လက်ဖက်ရည်ဆိုင်ရောက်တော့ ကိုဆန်းက ပညာခန်းစတော့သည်။ အင်္ဂလိဗ္ဗာက ဘယ်လို၊ အခါအရ လက်ရှိအချိန်သည် ပြဿနာဖြစ်နိုင်သည့် အချိန်ဖြစ်ကြောင်း၊ ဂြိုဟ်စီး၊ ဂြိုဟ်နင်းများနှင့် တွက်ချက်ပြသည်။ ဘယ်စစ်ပွဲဖြစ်တဲ့ကာလက ဒီလိုအချိန်မျိုးကွဟု ဥပမာပေး တွက်ချက်ပြသည်။ ငမျိုးက ကန့်လန့်တိုက်သည်။ ‘မင်းပြောပုံဆို အမြဲဒီအချိန်ဆို ပြဿနာတက်ရမယ့်ကိန်းပေါ့ ဟုတ်လား….’ ဟု စကားစသည်။ ဇော်ကြီးက ‘အေးလေကွာ သူက ဂရုစိုက်ရမယ့်အခါကို ဟောနေတာ… ဂရုစိုက်ရမှာပေါ့ကွ’ ဟု ထောက်ခံသည်။ ကိုဆန်းက ထူးဆန်းသော နက္ခတ်နှင့် သံသရာစက်ဝန်းတွင် ပုံစံတူများ အခါခါဖြစ်တတ်ကြောင်းကို နပိုလီယံစစ်ချီစဉ်က တံတားတစ်စင်းအား စစ်ကြောင်းကြီးဖြတ်စဉ် ညီညာသောခြေလှမ်းကြောင့် တံတားကြီး ကျိုးကျခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလတွင်လည်း သံသရာတစ်ပတ်လည်၍ ပုံစံတူအဖြစ် ဖြစ်ခဲ့ကြောင်း၊ နာဇီတပ်မကြီး ထိုတံတားကို ဖြတ်စဉ် တူညီသောခြေလှမ်းများကြောင့် တံတားကြမ်းပြင်ကို ဆောင့်ချိုးသကဲ့သို့ဖြစ်ပြီး ကျိုးကျခဲ့ကြောင်း ဥပမာပေးပြန်သည်။ ငမျိုးက ‘အေးလေ မင်းက ဗေဒင်ဆရာဆိုတော့ မင်းနိုင်မယ့်အချက်တွေ စုထားမှာပေါ့’ ဟု ပြောရင်း စကားနိုင်လုနေကြသည်။

ထိုစဉ်……

ရပ်ကွက်ထဲမှ ကလေးငယ်တစ်ဦးက ၈၄ လမ်းဘက်မှ စက်ဘီးအမြန်စီးရင်း တက်လာကာ ကျွန်တော်တို့အဖွဲ့အား တွေ့သဖြင့် ‘ကိုကြီးတို့ရဲ့ သူငယ်ချင်း ကိုကြီးတင်ကို လူတွေဝိုင်းလိုက်နေတယ် ဒီဘက်ပြေးလာပြီ’ ဟု ပြောရင်း လမ်းထဲသို့ပြေးဝင်၍ အဆောင်မှ အန်တီတို့လင်မယားထံ သတင်းသွားပို့သည်။

‘ဟော့ကောင်တွေ ထကွ… ကိုကြီးတင်ကို ကူကြအောင်’ ဟု အော်ရင်း လက်ဖက်ရည်ဆိုင်မှ လမ်းမပေါ်သို့ အပြေးတက်ခဲ့ကြသည်။

တွေ့ပြီ…

ရှေ့မှာ ကိုကြီးတင် ကျောပိုးအိတ်လွယ်လျက် ပုဆိုးခါးပုံစကြီးကြီးဖြင့် တိုတိုဝတ်ထားသော ပုဆိုး၊ လက်ထဲတွင် အထုပ်နှစ်ထုပ်ဖြင့် ရှေ့မှ ပြေးလာသည်။ နောက်မှ လူလေးဦးကလည်း ‘မပြေးနဲ့ ရပ်’ ဟု အော်ရင်း ပြေးလိုက်လာသည်။

ကျွန်တော်တို့နှင့် ကိုကြီးတင် မျက်နှာချင်းဆိုင်တွေ့ပြီး… ကိုကြီးတင်ကို နောက်သို့ပို့၍ ကျွန်တော်တို့လေးယောက်က ဝိုင်းလိုက်သူ လေးယောက်ကို ရင်ဆိုင်လိုက်သည်။ ‘ဟိတ်လူတွေ ရပ်’ ဟု အသံပြဲကြီးနှင့်အော်ရင်း ပုဆိုးတိုတို ပြင်ဝတ်ကာ အသင့်ပြင်ကြသည်။ ‘မင်းတို့က ဘာလဲ၊ ငါတို့အလုပ်ကို ဝင်မရှုပ်နဲ့ ပြဿနာတက်သွားမယ်’ ဟု နောက်ကလိုက်လာသောအဖွဲ့မှ ခေါင်းဆောင်ဟုထင်ရသူက ပြောသည်။ ‘ငါတို့လူကိုထိရင် ချမှာပဲ ခင်ဗျားတို့နောက်ဆုတ်’ ဟု ငမျိုးကလည်း အော်သည်။

နောက်ကလိုက်လာသောအဖွဲ့က‥ ‘ငါတို့က တာဝန်အရ ဆောင်ရွက်တာကွ… ဝတ္တရားမနှောင့်ယှက်နဲ့’ ဟု ပြောပြန်သည်။ ‘နားမလည်ဘူးဗျာ၊ ကျုပ်တို့က ကျောင်းသားတွေ မဟုတ်တာ ဘာမှမလုပ်ဘူး မထိနဲ့ ထိရင်ချမှာပဲ…’

အပြန်အလှန် တင်းမာနေချိန် ရပ်ကွက်မှလည်း ဝိုင်း၍ ကြည့်နေပြီဖြစ်သည်။ ထိုစဉ် နောက်မှ အိမ်ရှင်အန်တီတို့လင်မယား အမောတကော ပြေးလာပြီး ‘ဒါ ငါတို့ကလေးတွေ… ဘာဖြစ်တာလဲ ပြေပြေလည်လည်ပြော… လက်မပါကြနဲ့’ ဟု တားမှ နှစ်ဖက်လူစုကွဲသွားသည်။

ကိုကြီးတင်ရဲ့နောက် လိုက်လာတဲ့သူတွေထဲက ခေါင်းဆောင်လို့ထင်ရတဲ့သူက ‘ကျွန်တော်တို့ တာဝန်အရ ဆောင်ရွက်နေတာ မဆိုင်တဲ့သူ ဘေးဖယ်’ လို့ ခပ်မာမာပြောအပြီးမှာ အဆောင်ပိုင်ရှင် ဦးလေးကြီးက ‘ကျုပ်က… ဌာနလက်ထောက်ညွှန်မှူးအငြိမ်းစားပဲ၊ ဒီကလေးအတွက် ကျုပ်တာဝန်ယူတယ်။ ခင်ဗျားတို့က ဘာလဲ… ဘာလို့ သူ့နောက်လိုက်တာလဲ… ဒီကလေးတွေအားလုံး တက္ကသိုလ်ကျောင်းသားတွေ… တစ်ရပ်ကွက်လုံးလည်း သိကြတယ်’ လို့ ရှေ့က မားမားမတ်မတ်ရပ်ပြီး ပြောတော့ ‘ကျွန်တော်တို့က ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေပါ… သတင်းအရ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးဖို့ တာဝန်နဲ့ပါ…’ တဲ့… ကျွန်တော်တို့အားလုံး ကိုကြီးတင်ကို အဓိပ္ပာယ်ပါပါ ဝိုင်းကြည့်ရာ ကိုကြီးတင်က မျက်နှာငယ်လေးဖြင့် ‘ငါ… ငါ ဘာမှမလုပ်ဘူးနော်…’ လက်ကားရားခြေကားရားဖြင့် အကြောက်အကန်ငြင်းတော့သည်။ အဆောင်ပိုင်ရှင်ဦးလေးက ‘မင်းဘာမှမလုပ်ရင် ကြောက်စရာမလိုဘူး။ ငါတို့ရှိတယ် သူတို့မေးတာဖြေလိုက်…ကဲ…ဆရာတို့ကလည်း မေးဗျာ…’ ‘ငါ့ညီ ခါးပိုက်ထဲက ဘာတွေလဲ…’ ရဲဝန်ထမ်း၏အမေးကို ကိုကြီးတင် မဖြေခင် သူ့ခါးပုံစကို ဆုပ်ကိုင်ထားပြီး နောက်တစ်လှမ်းဆုတ်ကာ မျက်လုံးပြူးကြီးဖြင့်… ‘ဆေးဗျ… ဆေး… ဆေးတွေ’ ဟု ဆိုသည်။ ရဲဝန်ထမ်းက ‘ခင်ဗျားတို့ကြားတဲ့အတိုင်းပဲ… ပေးငါ့ညီ’ ပြောပြောဆိုဆို ကိုကြီးတင်၏ ခါးပုံစကို လှမ်းဆွဲရာ… ကိုကြီးတင်က ပြန်ဆွဲထားပြီး ‘ခင်ဗျားတို့အတွက် မဟုတ်ဘူး’ ဟု အော်ပြန်သည်။ ဘယ်သူ့အတွက် ယူလာသလဲမေးရာ အန်တီမှာလို့ဟု အန်တီ့ကို လက်ညှိုးထိုးပြန်သည်။ ခါးပိုက်ထဲမှပစ္စည်းကို ဝိုင်း၍ ထုတ်ခိုင်းရာ မပေးချင် ပေးချင်ဖြင့် ထုတ်ပေးသည်။ အထုပ်ကို ဖြေကြည့်ရာ အထုပ်ငယ်လေးများ ထပ်တွေ့ရပြန်သည်။ အရွက်ခြောက်ထုပ်၊ အမှုန့်ထုပ်နှင့် သစ်သားအပိုင်းအစများ ဖြစ်သည်။ ပြည်သူ့ရဲများက ချေကြည့်၊ နမ်းကြည့်၊ လျှာဖြင့်တို့ကြည့်ဖြင့် စစ်ဆေးကြသည်။ ဆေးခြောက်တွေလားဟုမေးရာ ကိုကြီးတင်က မြင်းခွာရွက်ခြောက်၊ ဆင်တုံးမနွယ်နှင့် ခံတက်ခေါက်မှုန့်များဖြစ်ကြောင်း အန်တီဆေးသုံးလိုသည်ဟု ပြောသောကြောင့် ရှာမှယူခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ရဲတပ်ဖွဲ့ဝင်များက ‘ငါတို့ လူမှားပြီးလိုက်မိပြီ… စောစောကတည်းက ရှင်းရောပေါ့ ငါ့ညီရာ’ ဟုဆိုကာ ပြီးသွားခဲ့သည်။ အဆောင်ရောက်တော့ ကိုကြီးတင်ကို ဖြစ်စဉ်အသေးစိတ် ပြန်မေးသည်။ မနေ့က စစ်ကိုင်းဘက်ကမ်းက ရွာသို့ ခဏပြန်သွားကြောင်း၊ မနက်ခင်းက စိုက်ခင်းထဲအလုပ်ကူလုပ် အိမ်ပြန်ထမင်းစားပြီး အဝတ်အစားပင်မလဲဘဲ ကျောပိုးအိတ်ထဲ လိုအပ်သည့်စာအုပ်နှင့် အဝတ်အစားများထည့်၊ အန်တီလိုချင်သော ဆေးထုပ်များကို ပုဆိုးခါးပုံစ ခါးပိုက်ထဲထည့်၍ စစ်ကိုင်း-မန္တလေး ကားစီးခဲ့ကြောင်း၊ စစ်ကိုင်းကားပေါ်မှ ဆင်းပြီး ပလက်ဖောင်းပေါ်ရပ်၍ လမ်းကူးရန် ဘေးဘယ်၊ ညာကြည့်စဉ် မလှမ်းမကမ်းမှ လူနှစ်ယောက်၊ လမ်း၏တစ်ဖက်ခြမ်းမှ လူတစ်ယောက်တို့ စူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့ရကြောင်း၊ ခဏမျှရပ်၍ မည်သို့လုပ်လျှင် ကောင်းမလဲ စဉ်းစားနေစဉ် မိမိနှင့်ကပ်လျက် သူက ခါးပိုက်ထဲမှာ ဘာလဲဟု ရုတ်တရက်မေးလိုက်ရာ ဆေးဟု ဖြေလိုက်ကြောင်း၊ ဆေးဆိုလိုက်ခဲ့ဆိုပြီး လက်ဆွဲထားကြောင်း ကြည့်နေသောသုံးယောက်လည်း ပြေးလာကြသဖြင့် ဖွတ်ရုန်း၍ ထွက်ပြေးခဲ့ကြောင်း၊ နောက်မှ ဝိုင်းလိုက်သဖြင့် လွတ်အောင်ပြေးခဲ့ရင်း သူငယ်ချင်းများနှင့် ဆုံကြောင်း ပြောပြသည်။ ကိုကြီးတင်နောက်လိုက်သည့်ရဲများနှင့် ကျွန်တော်တို့အဖွဲ့ ထိုးကြိတ်သတ်ပုတ်သည့်အဆင့် မရောက်ခဲ့၍သာ တော်တော့သည်။

ကြံ့မှ ကြံ့တတ်ပလေ… ထူးပါပေ့၊ ဆန်းပါပေ့ ကိုကြီးတင်… ငိုအားထက် ရယ်အား သန်ခဲ့ရပါသည် ကိုကြီးတင် …

**(မန္တလေးတက္ကသိုလ်ကျောင်းသား ဘာဝ အမှတ်တရ။)**

# ရွှေဆိုင်းလုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြည်တွင်းအခွန်များဦးစီးဌာန၌ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ ရွှေဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း စသည့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ရွှေဆိုင်လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀



**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်



# စာအုပ်၊ စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး စက်တင်ဘာ ၈**


မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာမူလတန်းလွန်ကျောင်း (မြို့ဦး)သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်ပြပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကျောင်းသား၊ ကျောင်းသူကလေးသူငယ်များအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာအုပ်၊ စာစောင်များမှတစ်ဆင့် အသိပညာများ တိုးပွားလာစေရန်၊ စာပေဗဟုသုတများ ကြွယ်ဝတိုးတက်လာစေရန် ရည်ရွယ်ပြီး ယခုလို စာအုပ်၊ စာစောင်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အခက်အခဲအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် စာပေချစ်မြတ်နိုးသူဝါသနာရှင်များနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ မလာရောက်နိုင်သူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

စာအုပ်၊ စာစောင်ပြပွဲတွင် သုတ၊ ရသစာအုပ်များ၊ ရုပ်ပြစာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်များကို ခင်းကျင်းပြသ၍ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ ၅၀ ဦးခန့်က စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(မိသားနီးမြေ)**




# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဖွင့်လှစ်

**အောင်လံ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့နယ်မြေမီးသတ်စခန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲကို ယမန်နေ့က ပြလို့နယ်မြေမီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သရက်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် မီးလောင်မှုများ၊ သဘာဝဘေးအန္တရာယ် များကြိုတင်ကာကွယ်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်များနှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ပစ္စည်းကိရိယာများဖြင့် ကျွမ်းကျင်စွာ စနစ်တကျ မီးငြိမ်းသတ်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပြုလုပ်နိုင်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**အာကာ(ပြန်/ဆက်)**

## တင့်တယ်ခြင်း

* ကမ်းနှင့် ပင်လယ်
သောင်ပြင်ဝယ် သဲနှင့် လှပါဘိ
သားငါး ပုစွန် အလုံးစုံတော့
ဤဇုန်အထ္ထာဝါပြင် အဆုံးထိ
ဒီရေတောလည်း ဖုံးပါ၏။

* သစ်တောနှင့်သစ်ပင်
ချင်ခင်က သာယာစွ
ရာသီစုံပွင့်တဲ့ပန်း
အရိုင်းပန်းပင်ဖြစ်စေမူ
တောစခန်းအလယ်တင့်ပါ၏။

* ပန်းနှင့်ဥယျာဉ်
စံအိမ်တွင် လှပါဘိ
ပျားပိတုန်း၊ လိပ်ပြာများ
အပါးဝန်းရံ ပါမှသိ
ပန်းအချင်းက ဆန်းနေ၏။

* ကြယ်နှင့်လ
ညအခါ စုံညီစွာ ခင်းကာထား
ဤမြေဘုံ လရောင်ဆမ်းတော့
ကုမုဒြာကြာပန်းများ
လန်းဖြာစွာ ပွင့်ပါ၏။

* သီလနှင့် ပညာ
ပေါင်းစပ်ကာ ဉာဏ်ကသိ
လောကနယ်ဝယ်
ဣသာပယ် မုဒိတာလောင်းပါဘိ
အဆွေလည်း သူကောင်းဖြစ်၏။ ။

**အိုးဝေ(မြေနီကျင်း)**



# သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ



**သရက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ လစဉ် လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၆)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူပွဲကို ယမန်နေ့ နံနက် ၈နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။ (ဝဲပုံ)

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၉၆)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်း ဖြစ်ပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်း ပေးဝေခဲ့ ကြောင်း သိရသည်။

**စော်ထက်(သရက်)**

*-*-*-*-*

# (၁၈)ကြိမ်မြောက် တောင်တန်းဒေသ ကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ဆရာတော် ဘဒ္ဒန္တ တိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံ ကထိန်တော်အတွက် အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မင်းကွန်းအိမ်ရာနေ ဒေါ်နန်းထွေးရင်နှင့် (သမီး)မဇာဇာဝင်းဆွေတို့အား ရည်စူး၍ ဦးခင်မောင်ဝင်း မိသားစုက ကထိန်ပဒေသာပင် တန်ဖိုးငွေကျပ် သုံးသိန်းသုံးသောင်းကို ဗုဒ္ဓဘာသာအသင်းချုပ်ရုံး(မန္တလေး)သို့ လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။ (အောက်ပုံ)



အလားတူ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် (ဖခင်)ဦးတင်ရွှေ၊ (ချွေးမ)ဒေါ်ရွှေမြင့်တို့အား ရည်စူး၍ ဦးရန်ပိုင် မိသားစု ပဒေသာပင်တစ်ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဒေါ်ကံဆယ်၊(အစ်မ)ဒေါ်ဥတ္တရထေရီ၊ (ညီမ)ဒေါ်အေးအေးသူတို့အား ရည်စူး၍ ဒေါ်မိမိလေး မိသားစုက ကထိန်ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် ဦးစစ်မောင်၏ မွေးနေ့ (၇၇)နှစ်ပြည့် အမှတ်အိမ်(ဘော်ဒါဆောင်)မိသားစုက ပဒေသာပင်ငါးပင်တို့ကို လှူဒါန်းကြသည်။ လှူဒါန်းလိုပါက ဖုန်း ၀၉-၉၇၅၇၆၄၃၂၃ နှင့် ၀၉-၄၀၂၆၉၂၅၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**

# ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)သို့ စာအောင်ဆုပဒေသာပင် စိုက်ထူ



**မန္တလေး စက်တင်ဘာ ၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၈၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းသို့ စာအောင်ဆုပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို အဆိုပါအသင်းဓမ္မဗိမာန် အလယ်ထပ်အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၇ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားသို့ ပရိယတ္တိသာသနဟိတ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အမှုဆောင်များ တက်ရောက်သည်။

ရှေးဦးစွာ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ဝါးတန်းရပ်နေ ဦးအိမ်+ဒေါ်လှတင်၊(သား)ဦးမျိုးမြင့်+ ဒေါ်သိန်းသိန်း(ဒေးဝန်းပဲခွဲစက်) မိသားစုက စာမေးပွဲသုံးရပ် ဆုပဒေသာပင်အတွက် ငွေပဒေသာပင်ကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ (အပေါ်ဝဲပုံ)

ပရိယတ္တိသာသနဟိတအသင်း (မန္တလေး)မှကြီးမှူး၍ (၇၅)ကြိမ်မြောက် သာသနာလင်္ကာရ သာမဏေကျော် စာပြန်ပွဲစာမေးပွဲ ခမ်းပုံစံများကို ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့အထိ တင်သွင်းနိုင်ပြီး နှုတ်ထောက်စစ်ဆေးမှုကို အောက်မြန်မာပြည်အတွက် နတ်တော်လဆန်း ၁ရက်မှ ၆ရက်အထိလည်းကောင်း၊ အထက်မြန်မာပြည်အတွက် နတ်တော်လပြည့်ကျော် ၁ရက်မှ ၈ရက်အထိလည်းကောင်း၊ ရေးဖြေစာမေးပွဲပထမဆင့်ကို ပြာသိုလဆန်း ၂ရက်မှ ၄ ရက်အထိ၊ ဒုတိယဆင့်၊ တတိယဆင့်ကို ပြာသိုလဆန်း ၇ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးအခမဲ့ စစ်ဆေးကုသပေး၊ ငွေနှင့် ဆေးဝါးများ လှူဒါန်းနိုင်

**မန္တလေး စက်တင်ဘာ ၈**

ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲတွင် ဖွင့်လှစ်ပြီး လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာဒေသမရွေး လူနာများအား အထွေထွေရောဂါ၊ သွားနှင့် ခံတွင်းရောဂါများကို စေတနာဆရာဝန်သုံးဦး၊ သူနာပြုဆရာမကြီး သုံးဦးဖြင့် အခမဲ့ကုသပေးလျက်ရှိပြီးလိုအပ်သောလူနာများကို E.C.G စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ သွေးပေါင်ချိန် စစ်ဆေးခြင်းများလည်း အခမဲ့ ဆောင်ရွက်ပေးသည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်း တစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀ -၁၅၀ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည် ဆက်လက်ရပ်တည်နိုင်ရေး ဆေးနှင့်ဆေးပစ္စည်းများ၊ ဆီးချိုကျဆေး၊ သွေးကျဆေး၊ အစာအိမ်ဆေး၊ ပိုးသတ်ဆေး၊ ထိုးဆေး၊အားဆေး၊ သွားနှင့် ခံတွင်းရောဂါများအတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ ဗီတာမင်၊ ဝါဝမ်း၊ အသေးစားခွဲစိတ်ခြင်း အရေးပေါ်ဆေးများ၊ချုပ်ကြိုးများအား ဖုန်း ၀၉-၂၅၉၅၁၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃(Viber) သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး စက်တင်ဘာလအတွက် ဆေးဝါးကုသနိုင်ရန် ချမ်းမြသာစည်မြို့နယ်နေ ဦးမြင့်သိန်း (စာရေးဆရာ မောင်ကျေးရေ-မြေအောက်ရေပညာရှင်)+ဒေါ်မေမိသားစုက ငွေကျပ်ငါးသိန်း၊ပြင်ဦးလွင်မြို့နေ မနွယ်နီဦး မိသားစုက ငွေကျပ် တစ်သိန်းတို့ကိုလည်း လာရောက်လှူဒါန်းခဲ့သည်။ တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်းသို့ ရပ်နီး၊ ရပ်ဝေးမှ လာရောက်ပြသကုသသူများကိုလည်း နံနက်ခင်းအာဟာရ ထမင်းနှင့် ကြက်ကုလားပဲဟင်းဖြင့် သုံးဆောင်နိုင်ရန် ဒါနပြုခဲ့ကြကြောင်း သိရသည်။

**(၀၄၅)**



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်ကိုယ်စား ကထိကဆရာတော် ဘဒ္ဒန္တကဝိဓဇဆရာတော်ထံမှရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး မန္တလေးမြို့နေ ဒေါ်ဆွေဆွေထွန်းမိသားစုက ဦးထွန်းဟန်၊ ဒေါ်အေးအေးသန်း၊ (သား)မောင်အောင်လင်းထွန်းတို့အားရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးလှက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(PNT)**

*-*-*-*-*



# မလွန်စျေးဆန်လှူအသင်းကြီးသို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး စက်တင်ဘာ ၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၂ လမ်း၊ ၈၅ လမ်းနှင့် ၈၆လမ်းကြားရှိ မလွန်စျေးဆန်လှူအသင်းကြီးသို့ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်နှင့် မန္တလေး ခြောက်မြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံပုဂ္ဂိုလ်ပေါင်း ခြောက်သောင်းကျော်တို့အား ဆွမ်းဆန်တော် လှူဒါန်းနိုင်ရန်အတွက် ယမန်နေ့က မန္တလေး၊ ၈၅ လမ်း၊ဝါးတန်းရပ်နေ ဦးအိမ်+ဒေါ်လှတင် (ဒေးဝန်းရပ် ပဲခွဲစက်ပိုင်)၊(သား) ဦးမျိုးမြင့် + ဒေါ်သိန်းသိန်း၊(မြေး) ဒေါ်ချိုချို၊ ဒေါ်စိုးစိုးမြင့် မိသားစုက ထာဝရငွေပဒေသာပင် ငွေကျပ် သိန်း ၁၀၀ကို လာရောက်လှူဒါန်းခဲ့ရာ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်အဖွဲ့များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အသင်းကြီးသို့ ထာဝရငွေပဒေသာပင်များနှင့် သီးခြားအလှူငွေများ လှူဒါန်းလိုပါက အသင်းတည်ရာဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၇၂)**

# အိုဘယ့်ချင်းမိုင်(၁၀)



ချင်းမိုင်မြို့တော်ဟောင်း အရှေ့ဘက်မျက်နှာ (The Phae Gate)

**'ချင်းမိုင်နေ့'**
**နွေနွေ နံနက်၊ နေခြည်စွက်၏**
**အရှေ့ဘက်မှ ပျပျမှိုင်းမှိုင်း**
**တောင်တံတိုင်းသည်၊ မြို့တိုင်းကျက်သရေ**
**ချင်းမိုင်မြေ၏ တစ်ထွေလှပ**
**တည်ငြိမ်စွ၊**
**တောင်တော်စေတီ ရွှေရောင်ခ**
**ကနုတ်ပန်းတို့ ဆန်းကြယ်စွ၊**
**ယမန်နေ့က ငါဖူးရ။**

ချင်းမိုင်ကား ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ သာယာလှပသော မြို့တစ်မြို့။ ချင်းမိုင်သည် ပင်း (PING) မြစ်ကမ်းဘေး မြေပြန့်ဒေသတွင် တည်ရှိပြီး ဝန်းကျင်တစ်ခိုတွင် တောင်တန်းများဖြင့် ဝန်းရံထားသည်။ ဒွိုင်အင်တာနွန်(DOI INTHANON) တောင်သည် ထိုင်းနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်ပြီး ချင်းမိုင်ပြည်နယ်တွင် တည်ရှိသည်။ ကားဆရာ ဖိလိယူ၏အဆိုအရ ချင်းမိုင်သည် ဘန်ကောက်မြို့တော်ထက် ပိုမိုစိမ်းလန်း၍ အေးမြသော ရာသီဥတုရှိပြီး အေးမြသော ရာသီဥတုကို နှစ်သက်သော ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်သည်ဟု ဆိုသည်။

မျက်မှောက်ကာလ၌ ချင်းမိုင်သည် ထိုင်းနိုင်ငံ မြောက်ပိုင်း၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနေသော အချက်အချာမြို့ကြီးတစ်မြို့ ဖြစ်နေပါ၏။ ချင်းမိုင်ကို ဗဟိုပြု၍ ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ၊ မယ်ဆိုင်၊ မယ်ဟောင်ဆောင်၊ မယ့်ကဖောင်ဒေသများသို့ သွားရောက်လည်ပတ်လေ့လာနိုင်၏။ မယ့်ကချန်ထွက်၍ ကားမောင်းချိန် တစ်နာရီသာသာခန့် ကြာသောအခါ ကျွန်တော်တို့စီးလာသော ဟိုင်းအေ့ကားများလည်း ချင်းမိုင်ရှိ 'အနုပညာ၊ နိဗ္ဗာန်ဘုံ(ART IN PARADISE) အဆောက်အအုံရှေ့သို့ ရောက်လာပါသည်။

**'အနုပညာ နိဗ္ဗာန်ဘုံ'**

မြစ်ပြင်တစ်လှည့်၊ ကောင်းကင်တစ်လှည့်၊ တောင်ပေါ်လမ်းတစ်လှည့်၊ မြေပြန့်လမ်းတစ်လှည့်၊ ဘုရားကျောင်းများတစ်လှည့်၊ သမိုင်းဝင်အဆောက်အအုံများတစ်လှည့်၊ ဥယျာဉ်တစ်လှည့်၊ ပန်းခြံများတစ်လှည့်၊ ဈေးဝယ်စင်တာများတစ်လှည့်၊ ကုန်တိုက်ကြီးများတစ်လှည့် တွေ့ကြုံမယ့် ဒီခရီးစဉ်မှာ တစ်မူထူးခြားနေတာက ချင်းမိုင်မြို့က အနုပညာနိဗ္ဗာန်ဘုံ (ART IN PARADISE, CHIANG MAI) ပါပဲ။ ဒါက ဖန်တီးနိုင်စွမ်း ပန်းချီ၊ ပန်းပု သို့မဟုတ် အနုပညာကို ခေတ်မီနည်းပညာနဲ့ ပေါင်းစပ်ထားတဲ့ ပျော်ရွှင်စရာနိဗ္ဗာန်ဘုံပါ။ ဒီနေရာက သင့်ကို စိတ်ပျော်ရွှင်မှုအပြင် ခံစားမှုရသမျိုးစုံကို ပေးမှာ ဖြစ်ပါတယ်။

**'ဘယ်လိုဖန်တီးထားပါသလဲ'**

(ART IN PARADISE) အဆောက်အအုံ၏ ဧည့်ကြိုအခန်းဝကို ဝင်လိုက်သည်နှင့် ဧည့်ကြိုကောင်တာရဲ့နောက်ခံနံရံမှာ What is Illution Art? ဆိုတဲ့ မေးခွန်းဝါကျက သင့်ကို ကြိုဆိုနေပါလိမ့်မယ်။ ဒီမေးခွန်းကို ဖြေဖို့ သင်က ဘွဲ့ဒီဂရီတစ်သီတစ်တန်းကြီး ရရန်မလိုပါ။ ကမ္ဘာကျော် အောက်(စ်)ဖို့၊ ဟားဗတ်တက္ကသိုလ်ကျောင်းမတက်ခဲ့ရလို့လည်း ဝမ်းနည်းစရာမလိုပါ။ သင်က ကျေးတောသားတစ်ယောက်ပင် ဖြစ်စေဦး။ သင်ကသာ ART IN PARADISE ပြခန်းတွေရဲ့ အစမှအဆုံးတိုင် ဝင်ကြည့်ခံစားလို့ သက်ဆိုင်ရာအခန်းတွေရဲ့ လမ်းညွှန်ချက်အတိုင်း ကိုယ်တိုင်ပါဝင်လုပ်ဆောင်လိုက်တာနဲ့ What is Illution Art? ဆိုတဲ့ဝါကျကို အလိုလိုဖြေဆိုပြီး ဖြစ်ပါလိမ့်မယ်။ အဓိကက သင့်မှာ ခံစားတတ်တဲ့ နှလုံးသားတစ်ခုတော့ ရှိဖို့လိုအပ်ပါတယ်။

တကယ်တော့ Illution Art ဆိုတဲ့ ဝေါဟာရဟာ လူတွေရဲ့ စိတ်ခံစားမှုကို ထင်ယောင်ထင်မှားဖြစ်အောင် စွမ်းဆောင်နိုင်ခြင်းပါပဲ။ ငိုမယ်၊ ရယ်မယ်၊ ပြုံးမယ်၊ မဲ့မယ်၊ သရုပ်တူလုပ်ဆောင်အတုကို အစစ်လို ခံစားမိလာအောင်ပေါ့။ သင့်ကို ကောင်းကင်ကြီးပေါ်လည်း တက်ခိုင်းမယ်။ ကြယ်တွေနဲ့ပုတ်ကာ ကစားမလား။ နက္ခတ်တာရာတွေကို လေ့လာမလား။ သမုဒ္ဒရာထဲလည်း ဆင်းခိုင်းမယ်။ မြို့ပြကိုလည်း လှိုက်မောစေသလို တောနက်ကြီးထဲမှာလည်း ရင်ဖိုစေရမယ်။

မြေပြင်ပေါ်မှာ သင့်ကို ဝင်ရိုးစွန်းဒေသကို ခေါ်သွားရုံမက ဝင်ရိုးစွန်းဒေသမှာရှိတဲ့ ဝက်ဝံဖြူကြီးတွေကို သင်ကိုယ်တိုင် နို့ဘူးတွေ၊ အချိုရည်တွေ တိုက်ကျွေးနိုင်သေးတယ်။ ဒါတွင်မက ကမ္ဘာပေါ်က ကန္တာရဒေသများကို ကုလားအုတ်ကြီးတွေစီးပြီး အီအေစစ်မှာ နားခိုကာ အီဂျစ်ပြည်က ကမ္ဘာကျော်ပိရမစ်ကြီးတွေဆီ ခြေဆန့်နိုင်တယ်။ ဒါ့ပြင် တောနက်ကြီးတွေထဲက ကုန်းမြွေကြီးတွေရဲ့သဘာဝကို လေ့လာသလိုသလား။ ကမ္ဘာဦးက ထူးဆန်းတဲ့ ငန်းမြွေကြီးတွေက အစွယ်တပြူးပြူးနဲ့ သင့်ကို ကြိုဆိုနေပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ သင်က အကဝါသနာပါသူဆိုပါက ရာမဇာတ်တော်ပါ မြိုင်ဟေဝန်မှာ ဘီလူးတွေနဲ့အပြိုင် သမင်လိုက်အကကို ကနိုင်ပါသေးတယ်။

ဒါမဟုတ် သင်က စိတ်ခတ်နူးညံ့ပျော့ပျောင်းသူတစ်ဦးဖြစ်တယ်ဆိုပါက ကမ္ဘာမြေပြင်ရဲ့ တစ်နေရာ၊ သာယာတဲ့စမ်းချောင်းကလေးရဲ့ နံဘေး အချစ်သစ်ပင်အောက် မြက်ခင်းစိမ်းစိမ်းကလေးပေါ်မှာ ကိုယ်ချစ်ရသူနဲ့တွဲကာထိုင်၊ ဝိုင်ကိုယ်စီသောက်ကာ သစ္စာစကားဆိုနိုင်သေးတယ်။ မြေပြင်မှာ သင်ငြီးငွေ့ပြီဆိုက သမုဒ္ဒရာထဲ ဆင်းလိုက်ပါ။ ပင်လယ်ပြင်မှာ သင်က ခေတ်မီ (SPEECH BOAT) ကို စီးပြီး လင်းပိုင်တွေ၊ ပင်လယ်ငါးကြီးတွေနဲ့ ပျော်မြူးနိုင်သေးတယ်။ ဒါမှမဟုတ် သင်တစ်ယောက် ရေအောက်ကမ္ဘာကိုဆင်းပြီး ထူးဆန်းတဲ့ ပင်လယ်သတ္တဝါတွေ၊ ရေမှော်တွေ၊ သန္တာကျောက်တန်းတွေကို ကြည့်ရှုခံစားနိုင်သေးတယ်။

ဒါ့ပြင် ကောင်းကင်မျက်နှာကြက်မှ ပြောင်းပြန်တွဲလောင်းကျတဲ့ ပုံရိပ်ထင်အခန်း(UPSIDE DOWN)မှာ သင်ဝင်ရောက်ခံစားချင်တယ်ဆိုရင် အခန်းရဲ့လမ်းညွှန်ချက်တွေအတိုင်း ပူးပေါင်းဆောင်ရွက်လိုက်ပါ။ ဒါသာမက အိပ်မက်မြို့တော် (LEGO CITY) မှာလည်း သင် ချီကာဂို ရောက်ချင်သလား၊ ဒါမှမဟုတ် ပဲရစ်မြို့တော်ကြီးက ကမ္ဘာကျော် အီဖဲလ်မျှော်စင်အနီးကို ရောက်ချင်သလား၊ အိပ်မက်မြို့တော်က သင့်ဆန္ဒကို ဖြည့်ဆည်းပေးပါလိမ့်မယ်။

ဒီအချိန်မှာ ကျွန်တော်တို့အဖွဲ့ထဲက ရွှေမိက ဂရိရုပ်တုပြကွက်အခန်းကို လည်ပတ်ကာ ဂရိရုပ်တု အနုပညာတွေကြားမှာ ဓာတ်ပုံတဖျပ်ဖျပ် အရိုက်ခံနေတယ်။ မဆွေကတော့ ပင်လယ်ပြင်ဆင်းပြီး (SPEECH BOAT) စီးကာ လင်းပိုင်တွေနဲ့ ပျော်မြူးနေတယ်။ ကိုကျော်နိုင်ဝင်းက ဝင်ရိုးစွန်းဝက်ဝံကြီးတွေထဲ အလည်သွားပြီး အချိုရည်တိုက်နေပါတယ်။ ကိုဘရောင်းက ရေဘဝဲကောင်တွေကြားမှာ ဓာတ်ပုံတဖျပ်ဖျပ် ရိုက်နေတယ်။ ကိုဆံရှည်ကတော့ တောနက်ကြီးထဲက ငန်းမြွေကြီးတွေနဲ့အတူ ဗီဒီယိုဆွဲနေပါတယ်။

ကျွန်တော်က လူကြီးတစ်ယောက်မို့ ကလေးတစ်ယောက်လို ပင်လယ်ပြင်မှာ (SPEECH BOAT) လည်း မစီး၊ ရေလည်းမကူး။ ငန်းမြွေကြီးတွေထံကိုလည်း အလည်မသွား၊ ဂမ္ဘီရဆန်တဲ့ ကျောက်သားအတိပြီးတဲ့ ရှေးဟောင်းကျောက်ကုလားထိုင်ကြီးမှာထိုင်ပြီး ရှေးဟောင်းအီဂျစ်နန်းတွင်းသူတွေရဲ့အကူအညီကိုယူကာ ကျားသစ်ဝါတစ်ကောင်ကို အိမ်မွေးကြောင်ကလေးတစ်ကောင်လို လိမ္မာအောင် မှော်ဆရာကြီး စတိုင်လ်နဲ့ လေ့ကျင့်ပေးခဲ့တယ်။

ဒါ့ပြင် ဝင်ရိုးစွန်းဒေသ နှင်းဖုံးနေတဲ့ သစ်ပင်ကြီးတွေရဲ့အနီးမှာ ရက်စက်ကြမ်းကြုတ်တဲ့ ကျားဖြူကြီးတစ်ကောင်ကိုလည်း ဆပ်ကပ်ဆရာကြီးတစ်ဦးပမာ မတ်တတ်ရပ်ခြေစုံထောက်ပြီး လမ်းလျှောက်စေခဲ့တယ်။ ဒါမျှမကသေး အခွင့်သာတုန်း ကုလားအုတ်တစ်ကောင်ကို ချော့မော့ကာ အာဖရိကမြောက်ပိုင်းက ကန္တာရကိုဖြတ်ပြီး ပိရမစ်ကြီးတွေဆီ သွားခဲ့သေးတယ်။

နောက်ဆုံးအခန်းမှာ ကျွန်တော်က ကမ္ဘာကျော်ပန်းချီဆရာကြီး၊ လီယိုနာဒိုဒါဗင်ချီရဲ့ မိုနာလီဇာနဲ့ တွေ့ခဲ့တယ်။ AI နဲ့ ဖန်တီးထားတဲ့ ဓာတ်ပုံကြီးထဲက မိုနာလီဇာက အသက်ဝင်လာကာ သူ့ရဲ့လျှို့ဝှက်တဲ့ အပြုံးကို ကျွန်တော့်အား လက်ဆောင်အဖြစ် ပြုံးပြလျက် လက်အုပ်ချီကာ ထိုင်းဘာသာနဲ့ 'ဆဝါသီခ' လို့ နှုတ်ဆက်ရှာသေးတယ်။

**'အထင်ကရ ချင်းမိုင်'**

၁။ ဝပ်ဖရာဒွိုင်ဆူထေ့ (ရွှေရောင်စေတီတော်) ချင်းမိုင်တောင်တော်တွင် တည်ရှိသည်။

၂။ ဝပ်စေတီလောင်ကျောင်းတိုက် (Wat Chedi Lung) မြို့တော်ဟောင်းအတွင်းရှိ ရှေးဟောင်းဘုရားကျောင်းတော် ဖြစ်သည်။ ကြီးမားသောစေတီ၏အပျက်အစီးများကို တွေ့နိုင်သေးသည်။

၃။ ဝပ်ဘုရားသိဟ်ကျောင်းတိုက် (Wat Phra Singh) လန်နာဗိသုကာလက်ရာများဖြင့် ထင်ရှားသောဗုဒ္ဓဘာသာဘုရားကျောင်း ဖြစ်သည်။

၄။ ဝပ်သီရိဆူဖန် (Wat Sri Suphan/ Sliver Temple) ငွေရောင်ဖြင့် ပြုလုပ်ထားသော ဥပုသ်တော်ဆောင်ကြောင့် ထင်ရှားသည့် ဘုရားကျောင်းဖြစ်သည်။

၅။ ထို့ပြင် ချင်းမိုင်သည် လက်မှုပညာများ၊ အနုပညာပြခန်းများ၊ ဈေးဆိုင်များ၊ ကုန်တိုက်များနှင့် ညဈေးများကြောင့်လည်း ကျော်ကြားသည်။ ဒေသထွက်အစားအစာနှင့် ရိုးရာလန်နယဉ်ကျေးမှုကို ထိတွေ့နိုင်သောနေရာတစ်ခုဖြစ်သည်။

အချိန်က မွန်းလွဲ ၂ နာရီခွဲ ရှိပါပြီ။ ကျွန်တော်တို့သည် ART IN PARADISE လက်ဖက်ရည်ခန်းတွင် လက်ဖက်ရည်သုံးဆောင်ပြီးနောက် တာဝန်ရှိသူ CEO နှင့် ဝန်ထမ်းများကို နှုတ်ဆက်ကာ ခရီးစဉ်အရ ချင်းမိုင်တောင်တော်ရှိ ရွှေရောင်တောင်တော်ဘုရားကို ဖူးမြော်ရန် ခရီးဆက်ကြသည်။

တကယ်ဆိုမူ ချင်းမိုင်ကား 'ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသ၏ တိုင် (TAI) တို့၏ လန်နယဉ်ကျေးမှုထွန်းကားရာ အချက်အချာဒေသ ဖြစ်ကြောင်း သိရသည်။ လန်နယဉ်ကျေးမှုလက်ရာ ဗုဒ္ဓဘာသာဘုရားကျောင်းများကို ထိုင်းနိုင်ငံ မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရှမ်းအရှေ့ဒေသ၊ တရုတ်နိုင်ငံ ဆစ်ဆောင်ပန်းနားဒေသတို့တွင် အများအပြားတွေ့ရပါသည်။ ထိုဘုရားကျောင်းများသည် မြန်မာ၊ သီရိလင်္ကာ၊ လန်နနှင့် ထိုင်းတို့၏ အနုပညာလက်ရာများ ရောနှောနေရာ၊ ယခု ကျွန်တော်တို့ သွားရောက်ဖူးမြော်မည့် ချင်းမိုင်တောင်တော်ရှိ ဒွိုင်ဆူထေပ်ရွှေရောင်စေတီတော်လည်း တစ်ဆူအပါအဝင် ဖြစ်သည်။

ကားဆရာ ဖိလီယူက ကားကို ဖြည်းဖြည်းနှင့် မှန်မှန်မောင်းလျက် တောင်ပေါ်တက်သည်။ နွေနွေလယ်ခင်း လေနုအေးသည် တောင်တော်၊ တောတန်းနှင့် သစ်ပင်များကို ဖြတ်ကျော်တိုက်ခတ်နေသည်။ ချင်းမိုင်တောင်တော်မှာ မြို့၏အရှေ့ဘက်တွင်ရှိပြီး လှေဝမ်းကို မှောက်ထားသောသဏ္ဌာန် ရှိလေသည်။ မကြာမီ ကျွန်တော်တို့စီးလာသော ဟိုင်းအေ့ကားများလည်း ဘုရားစေတီတည်ရှိရာ တောင်ခြေရှိ ကားရပ်နားစခန်းသို့ ရောက်လေသည်။

တောင်ခြေတွင် ရိုးရာအထည်ဆိုင်များ၊ ဘာသာရေးအထိမ်းအမှတ်ပစ္စည်း ရောင်းသောဆိုင်များနှင့် စားသောက်ဆိုင်များကို တွေ့ရသည်။ ဒေသခံထိုင်းတို့အပြင် အရှေ့နှင့် အနောက် ကမ္ဘာလှည့်ခရီးသွားများကိုလည်း တွေ့ရသည်။ တောင်ခြေမုခ်ဦးတွင် မမိုင်က ကျွန်တော်တို့အားလုံးအတွက် ဝင်ခွင့်လက်မှတ်များကို ဖြတ်ပေးသည်။ တစ်ဦးလျှင် ဘတ် ၃၀ ပါ။ ထို့နောက် ကျွန်တော်တို့သည် တောင်တော်ရှိ ဘုရားကို ဖူးမြော်ရန်၊ ရွှေလျားစက်လှေကားဆီသို့ သွားကြသည်။ ရွှေလျားစက်လှေကားသည် လူများစွာကို သယ်ဆောင်နိုင်ပါသည်။ တောင်တော်ရင်ပြင်ကိုရောက်၍ ရင်ပြင်ပတ်လမ်းအဝင်ဝတွင် ထူးဆန်းသော သစ်ပင်တစ်ပင်ကို တွေ့ရသည်။

ထိုသစ်ပင်၌ ကွဲကောသီးအရွယ်အသီးများသည် အုန်းခွံရောင်အဆင်းရှိပြီး သီးညှာသည် တောင်ဆုပ်ခန့်ရှည်၍ သီးနေသည်ကို တွေ့ရသည်။ ထူးခြားချက်မှာ ပင်စည်မှ သီးညှာဖောက်ထွက်၍ သီးနေခြင်းဖြစ်သည်။ အပင်၏အရွယ်အစားမှာ အသီးသီးနေသော တည်းပင်အရွယ်အစားခန့်ရှိ၍ အရွက်များမှာ ရဲယိုရွက်နှင့်ဆင်တူသော ပင်စောက်တစ်မျိုးဖြစ်သည်။ အပင်သည် မွှေးသောရနံ့ကို ဆောင်လေသည်။ ပင်ခြေနှင့်မနီးမဝေးတွင်ပင် အပွင့်ပွင့်ပါသတဲ့။ မည်သည့်အပင်ဖြစ်လေသနည်း။ တစ်ဦးနှင့်တစ်ဦး စကားဆင့်ကမ်း၍ စုံစမ်းလိုက်သောအခါ....။

**သန်းစိုးအောင်**

❖ မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar) ဟူသောစိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချ ဆောင်ရွက်ကြရပါမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ညောင်ရွှေမြို့ရှိ အားကစားကွင်းများအား ကွင်းဆင်းကြည့်ရှုပြီး ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့် ဟူပင်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံး ပြန်လည်ပြုပြင်မွမ်းမံ၍ ဧည့်သည်များ လက်ခံနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ရှိ ဝန်ကြီးဌာနမှ ငှားရမ်းထားရှိသည့် ဟိုတယ်များ၏ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းနှင့်ပြန်ကြားရေးကောင်တာ၌ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများနှင့် စာအုပ်၊ စာစောင်များ စီစဉ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ရှမ်းပြည်နယ် ကလောခရိုင် ညောင်ရွှေမြို့နယ်အားကစားကွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်များ ကြံ့ခိုင်မှုအခြေအနေ၊ အားကစားကွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ပြည်နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ တက်ရောက်ပြီး တတိယနေရာလု ပွဲစဉ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပင်နယ်တီဆက်လက်ကစားရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

သတင်းစဉ်

## AFC Futsal Level - 1 Coaching Certificate Course 2025 သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

AFC Futsal Level - 1 Coaching Certificate Course 2025 သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် သင်တန်းနည်းပြ ဦးကျော်မင်းဦးတို့က သင်တန်းဆင်း အမှာစကားများ ပြောကြားခဲ့ကြပြီး သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင် အမှတ်တရ စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

AFC Futsal Level - 1 Coaching Certificate Course 2025 သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ တစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။ **(NGB)**




## မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်

**ပေကျင်း စက်တင်ဘာ ၈**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော CFA TEAM CHINA BEIGUO-RENBAI GROUP SHIJIAZHUANG FUTSAL INTERNATIONAL TOURNAMENT 2025 ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းသည် အုပ်စုတွင်းပွဲစဉ်များတွင် နယူးဇီလန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယားအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အင်ဒိုနီးရှားအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ရမှတ် ၆ မှတ်ရရှိပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် အဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။




ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဒိန်းမတ်အသင်းနှင့် စက်တင်ဘာ ၉ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0